# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ကဆုန်လကွယ်နေ့ ၂၀၂၃ ခုနှစ်၊ မေ ၁၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၂)၊ အမှတ်(၂၂၆)

**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီးများ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ၊ ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် မေ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁၆ ရက် နံနက်ပိုင်းက တပ်မတော်ရဟတ်ယာဉ်ဖြင့် ရခိုင်ပြည်နယ် မောင်တောမြို့၊ ဘူးသီးတောင်မြို့၊ ရသေ့တောင်မြို့နှင့် ကျောက်တော်မြို့တို့သို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြား၍ ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များသည် မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် ဘူးသီးတောင်တပ်နယ်၊ ရသေ့တောင်မြို့နှင့် ရသေ့တောင်တပ်နယ်၊ ကျောက်တော်မြို့နှင့် ကျောက်တော်တပ်နယ်တို့တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အားပေးစကား ပြောကြားသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❄




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရခိုင်ပြည်နယ် မောင်တောမြို့၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ ပေးအပ်စဉ်။

**ယနေ့** *ဖတ်စရာ*



**သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများသို့ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ရန် မီးသတ်တပ်ဖွဲ့များနှင့် ပရဟိတအဖွဲ့များစေလွှတ်**

ပြည်တွင်းသတင်း စာ ၅



**(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ပြီးဆုံးခဲ့ပြီး မြန်မာအားကစားအဖွဲ့ ရွှေ ၂၁ ခု၊ ငွေ ၂၅ ခု၊ ကြေး ၆၈ ခု ဆွတ်ခူးရရှိ**

ဆီးဂိမ်းပြိုင်ပွဲ စာ ၁၄

## မြန်မာ့အလင်း

# ကျောင်းနေအရွယ်ကလေးတိုင်း မဖြစ်မနေ ကျောင်းအပ်နှံ

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည်။ လူတစ်ဦးချင်းအဖို့ ပညာကောင်းစွာ တတ်မြောက်ရန်လိုအပ်သလို နိုင်ငံအနေဖြင့်လည်း တစ်မျိုးသားလုံးပညာရည်မြင့်မားရန် လိုအပ်သည်။ ပညာတတ်မြောက်သူသည် မတတ်မြောက်သူထက် ဘဝလမ်းခရီး၌ အခွင့်အလမ်းပိုသာသည်။ ဘဝကို ပိုမို၍ကောင်းမွန်အောင် တည်ဆောက်နိုင်ရန်နှင့် ဝင်ငွေမြင့်မားနိုင်ရန်တို့အတွက်လည်း ပညာရေးက အထောက်အကူပေးနိုင်သည်။ ပညာမတတ်မြောက်သူသည် မိမိ၏မိသားစုနှင့် လက်ရှိရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင်ကိုပင် ကောင်းစွာသိရှိနားလည်နိုင်စွမ်းမရှိသော်လည်း ပညာတတ်မြောက်သူမှာမူ ပိုမို၍အမြင်ကျယ်၊ ပိုမို၍နိုးကြားပြီး ကမ္ဘာလောကတစ်ခွင်ကို သိနားလည်နိုင်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ရန် တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ပြီး ပညာတတ်၊ ကျွမ်းကျင်သူများ ရရှိအောင် ပြုစုပျိုးထောင်ခြင်းဖြင့်သာ တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်ကို ရရှိနိုင်သည်။

"...ပညာရေးမှာ အများစုက မူလတန်းပညာနဲ့ အလယ်တန်းပညာအဆင့်ပဲ ကျွန်တော်တို့က ဖြစ်ပါတယ်။ လူနည်းစုပဲ အထက်တန်းပညာနဲ့ အဆင့်မြင့်ပညာတတ်တဲ့သူများ ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီအလယ်တန်းပညာနဲ့အောက်မှာ တတ်နေတဲ့ ပြည်သူအများစုရှိနေတဲ့ ကျေးလက်ဒေသတွေရဲ့ ပညာရေး၊ ပြည်နယ်များရဲ့ ပညာရေးမြှင့်တင်ဖို့အတွက် အထူးဦးစားပေးဆောင်ရွက်သွားဖို့ လိုတယ်ဆိုတာလေးလည်း ကျွန်တော်တွေ့ရှိပါတယ်" ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၂) တွင် နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံ၏လူအများစု အထက်တန်းပညာနှင့် အဆင့်မြင့်ပညာတတ်မြောက်သူများ ဖြစ်လာရေး၊ အမျိုးသားပညာရည်မြင့်တင်ရေးတို့အတွက် ကျေးလက်ဒေသများနှင့် ပြည်နယ်များ၏ ပညာရေးကို မြှင့်တင်ပေးနိုင်ရမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခြေခံပညာမူလတန်းအဆင့်ကို မသင်မနေရပညာရေးအဖြစ် သတ်မှတ်ထားသော်လည်း လက်ရှိနိုင်ငံ၏ အခြေအနေ၊ ကမ္ဘာ့အခြေအနေတို့အရ အမျိုးသားပညာရေးသည် အနိမ့်ဆုံးအားဖြင့် အလယ်တန်း KG+9 ပြီးမြောက်ရန် လိုအပ်နေပြီဖြစ်ရာ နိုင်ငံတော်က ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူတိုင်း အလယ်တန်းပညာပြီးမြောက်သည်အထိ အခမဲ့ပညာရေးအနေဖြင့် မသင်မနေရအဖြစ် တွန်းအားပေးလျက်ရှိသည်။ မိဘများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းနေအရွယ်တွင် အတန်းပညာကို မဖြစ်မနေသင်ယူရန် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ပြီး နိုင်ငံတော်က စီမံဖော်ဆောင်ပေးလျက်ရှိသည့် ပညာရေးအခွင့်အလမ်းများကို ရယူ၍ မိမိတို့က ဘဝမြင့်မားတိုးတက်ရေးနှင့် နိုင်ငံအတွက် တန်ဖိုးရှိသူတစ်ယောက်ဖြစ်လာရေး ကြိုးစားကြရန် တိုက်တွန်းလိုသည်။

လာမည့် မေလ ၂၃ ရက်မှ ၃၁ ရက်နေ့အထိသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေး သီတင်းပတ်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေးသည် မိဘတို့၏ အဓိကတာဝန်ဖြစ်သည့်အလျောက် ရင်သွေးငယ်တို့၏ အနာဂတ်ဘဝ သာယာလှပနိုင်ရေးအတွက် ကျောင်းအပ်နှံကြရန်လိုသည်။ သို့မှသာလျှင် ကျေးလက်ဒေသများနှင့် ပြည်နယ်များ၏ ပညာရေးမြင့်မားရေးနှင့်အတူ နိုင်ငံတကာတွင် ရင်ပေါင်တန်း အလုပ်လုပ်နိုင်မည့် Skill Labour ကျွမ်းကျင်အလုပ်သမားများ၊ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်လာနိုင်ပါမည့်အကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၇**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရုံး (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Mr. Stephen Anderson ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် WFP ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်က မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာအစီအစဉ် (၂၀၂၃) နှင့် စပ်လျဉ်းသည့် နားလည်မှုစာလွှာ လက်မှတ်ရေးထိုးပြီးစီးမှု အခြေအနေနှင့် WFP မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် WFP တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ၊ သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ကာလအတွင်း လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးနှင့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်ခဲ့သည့် ဒေသများရှိ ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အစိုးရနှင့် နီးကပ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများ ပေးအပ်



**တောင်ကြီး မေ ၁၇**

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေပေးအပ် လှူဒါန်းပွဲကို မေ ၁၇ ရက် ညနေပိုင်းက ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက မုန်တိုင်းတိုက်ခတ် ပြီးဆုံးသွားသောကြောင့် မုန်တိုင်းဒဏ်သင့်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ပစ္စည်းများ အသုံးပြုနိုင်ရန် အလှူငွေများပေးအပ်ခြင်း အခမ်းအနား ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မုန်တိုင်းဒဏ်သင့်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများ ပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့မှ အလှူငွေများကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက ပေးအပ်၍ လည်းကောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များက ပေးအပ်သော အလှူငွေများကို ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ လည်းကောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို ပြည်နယ် တရားလွှတ်တော်၊ တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လက်ခံရယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ မုန်တိုင်းဒဏ်သင့်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် စုစုပေါင်းအလှူငွေ ကျပ် ၈၅၂ သိန်းရရှိကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် မေ ၁၇

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ


## ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

### ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဘွဲ့ကြိုသင်တန်းများအားလုံးကို (၁-၆-၂၀၂၃) ရက်နေ့တွင် ဖွင့်လှစ်မည် ဖြစ်ပါသဖြင့် ကျောင်းအပ်လက်ခံခြင်းကို (၂၃-၅-၂၀၂၃) ရက်နေ့မှ စတင်၍ လက်ခံဆောင်ရွက်မည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စစ်တွေမြို့ ရွှေမင်းဂံဆိပ်ကမ်း၌ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သို့ ပေးပို့မည့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**စစ်တွေ မေ ၁၇**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ရွှေမင်းဂံဆိပ်ကမ်းသို့ ရောက်ရှိပြီး တပ်မတော်ကမ်းထိုးယာဉ်ဖြင့် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သို့ ပေးပို့မည့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများဖြစ်သည့် ရေသန့်စင်စက်ရုံပါ ရေသယ်ယာဉ် နှစ်စီး၊ ဆန်၊ ဆီနှင့်ရိက္ခာများ၊ အမိုးအကာနှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ ဆေးဝါးနှင့်ဆေးပစ္စည်းများတင်ဆောင်နေခြင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### အားပေးစကားပြောကြား

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် သက်ကြေပြင်ကျေးရွာ အမှတ်(၁၀) အခြေခံ ပညာအထက်တန်းကျောင်း၌ မုန်တိုင်းဒဏ်ကြောင့် ခိုလှုံရောက်ရှိနေကြသော ဒေသခံပြည်သူများအား တွေ့ဆုံအားပေးပြီး ဆန်၊ ခေါက်ဆွဲခြောက်နှင့် သောက်ရေသန့်များ ထောက်ပံ့ပေးသည်။ ဆက်လက်၍ ခေါင်းဒုက္ကာကျေးရွာသို့ရောက်ရှိပြီး အခြေခံပညာ အလယ်တန်းကျောင်းတွင် လာရောက်ခိုလှုံနေကြသော ဒေသခံပြည်သူများအား ဆန်၊ ခေါက်ဆွဲခြောက်နှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်ပြီး အားပေးစကား ပြောကြားကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း သက်ကြေပြင်ကျေးရွာ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

### လိုအပ်ချက်များအား ဖြည့်ဆည်း

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပုဏ္ဏားကျွန်းမြို့သို့ ထွက်ခွာပြီး အခြေခံပညာ အထက်တန်းကျောင်း(ပုဏ္ဏားကျွန်း)၊ ဦးရာဇ်မင်္ဂလာကြိုးတံတား၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့ မုန်တိုင်းဒဏ်ကြောင့် ယိုယွင်းပျက်စီးမှုများကို စစ်ဆေးပြီး အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေးမှာကြားကာ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် မြို့မဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီထောက်ပံ့ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း၊ ရိက္ခာ၊ ဆေးဝါးနှင့် အမိုးအကာများ၊ ဆောက်လုပ်ရေးပစ္စည်းများလည်း ဆက်လက်ပေးပို့၍ အမြန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူလူထု၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် မုန်တိုင်းဒဏ်သင့်ပြည်သူလူထုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ နှင့် စားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ခေါက်ဆွဲ ခြောက်နှင့် သောက်ရေသန့်များကို ထောက်ပံ့ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော် ဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ စစ်တွေမြို့ပေါ်ရှိရပ်ကွက်များမှ မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့်အတူ ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအား နှစ်သိမ့်အားပေးရန် ရောက်ရှိနေသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း ဦးဆောင်သော ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များလည်း တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မိမိတို့အဖွဲ့ရောက်ရှိလာပြီး ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံစားခဲ့ရသော မြို့နယ်များသို့ သွားရောက်၍ ပြည်သူများနှင့် တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်မှု အခြေအနေ၊ ရိက္ခာ၊ ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ဆက်လက်ထောက်ပံ့ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ မုန်တိုင်းဒဏ်ခံ မြို့/ရွာများ သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ပေးနေမှု၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဘုန်းတော်ကြီးကျောင်းများအား အမြန်ပြုပြင်ရန် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ထူထောင်ရေးကိစ္စများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များမှ မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### တက်ညီလက်ညီပါဝင်

ဆက်လက်၍ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် တာဝန်ရှိသူများက ယခုကဲ့သို့ အနီးကပ်လာရောက်ကြီးကြပ်ဆောင်ရွက်နေခြင်းကို ရခိုင်ပြည်နယ် ပြည်သူများကိုယ်စား ကျေးဇူးတင်ပါကြောင်းနှင့် မိမိတို့ပြည်သူလူထုကလည်း ပြန်လည်ထူထောင်ရေးကိစ္စများတွင် တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် စစ်တွေမြို့ပေါ်၌ မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် နိုင်ငံတော်အစိုးမှ ထောက်ပံ့သည့် ဆန်အိတ် ၆၃၇၀၊ ဆီ ၇၆၄၅ ပိဿာ၊ ဆား ၆၁၄၄ ပိဿာနှင့် ပစ္စည်း ၁၇ မျိုးပါ အိမ်သုံးပစ္စည်း သေတ္တာများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ တာပေါ်လင်စများ၊ ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ တို့ကို ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ပြည်သူများက လက်ခံရယူကြသည်။ ဆက်လက်၍ ဆရာတော် အရှင်ဆေကိန္ဒက မုန်တိုင်းသင့်ပြည်သူများအတွက် လှူဒါန်းသည့် စတီးပန်းကန်ပြားများ၊ ငါးနီတူခြောက်နှင့် ငါးပိထုပ်များကို ဆရာတော်ကိုယ်စား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များက လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူကာ မြို့မိ၊ မြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများ၊ အနုပညာရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တင်ထွန်း(ပြန်/ဆက်)

*※ ရှေ့ဖုံးမှ*

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် အဆိုပါမြို့နယ်များတွင် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ်သိန်း ၁၃၀၀ နှင့် ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများနှင့် စားသောက်ကုန်ပစ္စည်းကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

**လိုအပ်သည်များ ကူညီဖြည့်ဆည်း**

မုန်တိုင်းဒဏ်ခံရသည့် ပြည်သူများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မိမိတို့လာရောက်ခြင်းမှာ ရခိုင်ပြည်နယ်အတွင်း မေ ၁၄ ရက်က မိုခါမုန်တိုင်းဒဏ် ခံခဲ့ရသဖြင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြည်သူများ၏ ကြုံတွေ့နေရသော အခက်အခဲများကို သိရှိပြီး များကို မုန်တိုင်းမကျမီကတည်းက ကြိုတင်ပို့ဆောင်ထားသည်များရှိသကဲ့သို့ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ မော်တော်ယာဉ်၊ ရေယာဉ်၊ တပ်မတော်ရေယာဉ်၊ လေယာဉ်တို့ဖြင့် စဉ်ဆက်မပြတ်ပို့ဆောင်ပေးလျက်ရှိကြောင်း၊ မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ်များ၊ ကျေးရွာ/ရပ်ကွက်များသို့ ကယ်ဆယ်ရေးပစ္စည်းများ အမြန်ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မကြာမီဖွင့်တော့မည့် အခြေခံပညာကျောင်းများ၊ ဆေးရုံများ၊ ဘုန်းတော်ကြီး ကျောင်းများကို ဦးစားပေး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေးတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ တွေ့ကြုံခံစားနေရသည့် အခက်အခဲများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**※ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်နယ်အစိုးရတို့အနေဖြင့် ကူညီထောက်ပံ့ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများကို အလျင်အမြန်ဆောင်ရွက်လျက်ရှိ**

**※ ရိက္ခာ၊ ဆေးဝါးပစ္စည်းများ၊ ယာယီတဲများနှင့် အမိုးအကာများ၊ ဆောက်လုပ်ရေးပစ္စည်းများကို မုန်တိုင်းမကျမီကတည်းက ကြိုတင်ပို့ဆောင်ထားသည်များ ရှိသကဲ့သို့ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ မော်တော်ယာဉ်၊ ရေယာဉ်၊ တပ်မတော်ရေယာဉ်၊ လေယာဉ်တို့ဖြင့် စဉ်ဆက်မပြတ်ပို့ဆောင်ပေးလျက်ရှိ**

**※ မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ်များ၊ ကျေးရွာ/ရပ်ကွက်များသို့ ကယ်ဆယ်ရေးပစ္စည်းများ အမြန်ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်သွားမည်**

လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန်လာခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံရသော အခြေအနေများကို ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ မိမိတို့နှစ်ဖွဲ့ခွဲ၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရေးကြီးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၁၅ ရက်က စစ်တွေမြို့သို့ ရောက်လာပြီး မိမိတို့အဖွဲ့အား မုန်တိုင်းဒဏ်ခံခဲ့ရသော ရခိုင်ပြည်နယ်ရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးကိစ္စများ၊ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ရန်များကို လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

**စဉ်ဆက်မပြတ်ပို့ဆောင်ပေး**

နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်နယ်အစိုးရတို့အနေဖြင့် ကူညီထောက်ပံ့ရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကိစ္စများကို အလျင်အမြန်ဆောင်ရွက်လျက်ရှိကြောင်း၊ ရိက္ခာ၊ ဆေးဝါးပစ္စည်းများ၊ ယာယီတဲများနှင့် အမိုးအကာများ၊ ဆောက်လုပ်ရေးပစ္စည်း ပြည်နယ်အစိုးရအဖွဲ့တို့မှ အလေးထားဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**တွေ့ဆုံအားပေးစကားပြောကြား**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဆိုင်ကလုန်းမုန်တိုင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် မြေပုံ၊ ကျောက်ဖြူ၊ မင်းပြား၊ မြောက်ဦးမြို့များသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် သွားရောက်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၀၊ ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ၊ ဆေးဝါးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

*စာမျက်နှာ ၅ သို့*



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည့် ကျောက်ဖြူပညာရေးဒီဂရီကောလိပ်ရှိ သဇင်အိပ်ဆောင်အား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ပေါက်တောမြို့နယ် ကြိမ်နီပြင်ကျေးရွာရှိ IDP စခန်းများနှင့် ပေါက်တောမြို့နယ်တို့တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ဝေဟင်မှ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြေပုံမြို့သို့ ရောက်ရှိကာ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အဆောက်အဦများ၊ ကမ်းနားလမ်း၊ မြို့ပတ်လမ်းနေရာများတွင် ကမ်းထိန်းနံရံနှင့် လမ်းများပျက်စီးခြင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ အဖွဲ့ဝင်များသည် တောင်ပေါ်ရပ်ကွက်သို့ သွားရောက်၍ ရပ်ကွက်တွင် နေထိုင်လျက်ရှိသည့် ဘင်္ဂါလီအိမ်ထောင်စုဝင်များအား လည်းကောင်း၊ အငူကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ဒေသခံပြည်သူများအား လည်းကောင်း သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ၊ ဆေးဝါးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ကျောက်ဖြူမြို့သို့ ရောက်ရှိပြီး ကျောက်ဖြူပညာရေးဒီဂရီကောလိပ်ရှိ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် သင်တန်းသူအိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများနှင့် တွေ့ဆုံရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မုန်တိုင်းမကျရောက်မီကာလ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မုန်တိုင်းဝင်ရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားကြပြီး မြို့မိ/မြို့ဖများ၏ ဒေသကောင်းကျိုးအတွက် အကြံပြုတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ကျောက်တစ်လုံး IDP စခန်းအား ပြောင်းရွှေ့နေရာချထားသည့် အေးမြသာယာကျေးရွာသို့သွားရောက်၍ ကျေးရွာတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသော ဘင်္ဂါလီမိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ကျေးရွာအတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ထိုမှတစ်ဆင့် အဖွဲ့ဝင်များသည် မင်းပြားမြို့နှင့် မြောက်ဦးမြို့များသို့ ဆက်လက်သွားရောက်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများအား တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ၊ ဆေးဝါးပစ္စည်းများ၊ family kits ပုံးများ ထောက်ပံ့ပေးအပ်လှူဒါန်းကာ မြို့တွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် စာသင်ကျောင်းများနှင့် အဆောက်အဦများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရခိုင်ပြည်နယ် မြေပုံမြို့၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။

# သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများသို့ ကူညီကယ်ဆယ်ရေးဆောင်ရွက်ရန် မီးသတ်တပ်ဖွဲ့များနှင့် ပရဟိတအဖွဲ့များစေလွှတ်



**ရန်ကုန် မေ ၁၇**

ရခိုင်ပြည်နယ် သဘာဝဘေးကျရောက်သော ဒေသများသို့ နိုင်ငံတော်မှ စီမံပေးမှုဖြင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်မတော် (လေ)မှ လေယာဉ်များဖြင့် သွားရောက်မည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များကို ယနေ့နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိများနှင့် ပရဟိတအသင်းအဖွဲ့များက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

**တစ်လစာ စားရေရိက္ခာများဖြင့် သွားရောက်**

ကူညီကယ်ဆယ်ရေးစေလွှတ်ခဲ့သည့် အဖွဲ့များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ကွပ်ကဲမှုနှင့် အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၂၀၊ ရန်ကုန်တိုင်းဒေသကြီး သန္ဒေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၆ ဦး ပါဝင်သော ကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သည့် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းများကို တက်ရောက်အောင်မြင်ထားသည့် ပရဟိတလူမှုရေးအသင်းအဖွဲ့များမှ ၅၀ စုစုပေါင်း ၁၈၆ ဦးတို့က ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်အခါ နေရာဒေသမရွေး ဆောင်ရွက်နိုင်သည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ အရေးပေါ် ဆေးဝါးများနှင့် တစ်လစာ စားရေရိက္ခာများဖြင့် သွားရောက်မည်ဖြစ်သည်။

**ထောက်ပံ့ငွေများ ပေးအပ်**

အဆိုပါ ကူညီကယ်ဆယ်ရေးသွားရောက်မည့် ၁၈၆ ဦးအား လေယာဉ်မထွက်ခွာမီ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကာ ထောက်ပံ့ငွေများနှင့် Chain Saw ၁၀ စုံ ပေးအပ်သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ကျုံပျော်မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများ ပီလောပီနံစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**ကျုံပျော် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ပီလောပီနံစိုက်တောင်သူများအား အသင်းများဖွဲ့စည်းပေးလျက်ရှိရာ အင်းတရော်ကျေးရွာတွင် အသင်းသား ၁၇၀ ဖြင့် မြေကေ ၄၀၀ အကျယ်အဝန်းရှိ ပိုမိုပြည့်စုံပီလောပီနံစိုက်ပျိုးရေးသမဝါယမအသင်းကိုလည်းကောင်း၊ လှည်းဆိပ်ကျေးရွာတွင် အသင်းသား ၂၈ ဦးဖြင့် မြေ ၇၈ ဧကအကျယ်အဝန်းရှိ ရွှေဥဒေါင်းပီလောပီနံစိုက်ပျိုးရေး သမဝါယမအသင်းတို့ကိုလည်းကောင်း ဖွဲ့စည်းခဲ့သည်။

အသင်းသားတောင်သူများအား သွင်းအားစုများကို စိုက်ပျိုးချိန်အမီ ဖြန့်ဖြူးပေးနိုင်ရန်၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရန်နှင့် စံချိန်စံညွှန်းပြည့်ဝသည့် ပီလောပီနံအမှုန့်ကြိတ်စက်များ တည်ထောင်နိုင်ရေးအတွက် သမဝါယမကဏ္ဍက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အလုပ်ခွင်ထိခိုက်မှုကြောင့် လုပ်အားဆုံးရှုံးမှုအတွက် လူမှုဖူလုံရေးဥပဒေနှင့်အညီအကျိုးခံစားခွင့်များ ထုတ်ပေး

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအတွက် အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ယမန်နေ့က တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ကျောက်တန်းမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အာမခံအလုပ်သမား ဦးဇင်မင်းသူသည် (၂၅-၇-၂၀၂၂) ရက်က ဓာတ်အားလိုင်းပြုပြင်စဉ် ဓာတ်အားဝင်လာ၍ မီးပန်းခံရပြီး လက်ဝဲဘက်လက် ဖြတ်တောက်ရခြင်းကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ငွေကျပ် ၅၉၂၇၀၄၀ ကို ကာယကံရှင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

**အေးမိုး(ပြန်/ဆက်)**



# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်၍ ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဘေးသင့်သူများအတွက် အများပြည်သူမှ အလှူငွေများလှူဒါန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၁၇

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဘေးသင့်သူများအတွက် အများပြည်သူမှ အလှူငွေများ လှူဒါန်းရာတွင် လွယ်လင့်တကူ လှူဒါန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီဝင်များနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဘေးဒဏ်သင့်ဒေသများ၌ အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း/ပြည်ပမှ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလျက်ရှိရာ ပစ္စည်းများ လက်ခံရယူရေး၊ ဖြန့်ခွဲရေးနှင့်စပ်လျဉ်း၍ အဖွဲ့များဖွဲ့စည်းကာ စနစ်တကျ လက်ခံဖြန့်ခွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အလှူငွေများနှင့် စပ်လျဉ်း၍လည်း ပြည်တွင်း/ပြည်ပမှ စေတနာရှင်များ ပေးပို့လှူဒါန်းနိုင်သည့် ငွေစာရင်းအမှတ်များကို အများပြည်သူသိရှိစေရေး ကြေညာဆောင်ရွက်ထားပါကြောင်း၊ သို့ရာတွင် ဘေးသင့်သူများ၊ ဘေးဒဏ်သင့်ဒေသများအပေါ် စာနာထောက်ထားသော မြန်မာလူမျိုးတို့၏ စေတနာသဒ္ဓါတရား ထက်သန်မှု၊ ကူညီဆောင်ရွက်လိုမှု စိတ်ထားများအရ ငွေကြေးလှူဒါန်းမှု အနည်းအများမဆို လွယ်ကူစွာလှူဒါန်းနိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ အများပြည်သူ လွယ်ကူစွာလှူဒါန်းနိုင်ရေး နည်းလမ်းများ စဉ်းစားရာတွင် ဥပဒေ၊ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်ရန်လည်းလိုကြောင်း၊ ဥပဒေနှင့်အညီ အမြန်ဆုံးဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးကြရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ဘဏ်များသို့ ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်မှု၊ စာရင်းပြောင်းနည်းလမ်းဖြင့် လှူဒါန်းနိုင်မှုအခြေအနေများ၊ အများပြည်သူ လွယ်ကူစွာ သိရှိနားလည်နိုင်ရေး အသိပေးကြေညာဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက နိုင်ငံခြားငွေ၊ မြန်မာငွေ လှူဒါန်းနိုင်မည့်/ လက်ခံရယူနိုင်မည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်မြန်ဆန်စေရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မိုခါ (MOCHA) ဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်သူများအတွက် အများပြည်သူမှ အလှူငွေများ လွယ်လင့်တကူ လှူဒါန်းနိုင်ရန်အတွက် အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့်လည်း လှူဒါန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 သည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် ဖွင့်လှစ်ထားပြီး လှူဒါန်းလိုသူများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင်တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) K Pay ဖြင့် လှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဖုန်းနံပါတ် ၀၉-၂၅၅၀၀၁၅၃၃၊ ၀၉-၂၅၅၀၀၁၅၃၄ တို့သို့လည်းကောင်း
Wave Money ဖြင့် လှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဖုန်းနံပါတ် ၀၉-၂၅၅၀၀၁၅၄၂၊ ၀၉-၂၅၅၀၀၁၅၄၃ တို့သို့ လည်းကောင်း လှူဒါန်းနိုင်ပါသည်။

၃။ နိုင်ငံခြားငွေစာရင်းအမှတ် ( 1DA-0300086) သည် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး လှူဒါန်းလိုသူများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်း လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း/ ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE /BIC - MFTBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - 1DA-0300086 သို့ လှူဒါန်းနိုင်ပါသည်။

၄။ ထို့အပြင် အခြားသော အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှု စနစ်များဖြင့်လည်း လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသဖြင့် ထပ်မံအသိပေးကြေညာသွားမည် ဖြစ်ပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်းများမှ မုန်တိုင်းဒဏ်သင့်ဘင်္ဂါလီများနှင့် တွေ့ဆုံ၊ ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ မေ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့နယ်၊ သက္ကယ်ပြင်ကျေးရွာသို့ သွားရောက်ပြီး သက္ကယ်ပြင်တိုက်နယ်ဆေးရုံ၌ IDP စခန်းများမှ မုန်တိုင်းဒဏ်သင့် ဘင်္ဂါလီ စခန်းတာဝန်ခံများနှင့် တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မုန်တိုင်းဒဏ်ခံခဲ့ရသော ရခိုင်ပြည်နယ်ရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးကိစ္စများ၊ ပြန်လည်ထူထောင်ရေးကိစ္စများကို အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မုန်တိုင်းဒဏ်ခံခဲ့ရသော IDP စခန်းများတွင်နေထိုင်သူများအတွက်လည်း တစ်ပြေးညီကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုထောက်ပံ့ပေးအပ်သည့် ဆန်နှင့် အသုံးအဆောင်ပစ္စည်းများသည် လတ်တလော စားဝတ်နေရေး အဆင်ပြေစေရန် ပေးအပ်ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း လိုအပ်ချက်များကို ဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက မုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ထိခိုက်ဆုံးရှုံးမှုများ များစွာရှိနေပါကြောင်း၊ မိမိတို့ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့ပေးမှုများ၊ အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ IDP စခန်းများတွင် နေထိုင်ကြသူများအတွက်လည်း ထောက်ပံ့မှုများကို ဆောင်ရွက်ပေးနေသကဲ့သို့ ဆက်လက်၍လည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် မိမိတို့ပြည်နယ် အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

IDP စခန်းများတွင် နေထိုင်ကြသူများအား မိုခါမုန်တိုင်းနှင့် ပတ်သက်၍ ဘေးလွတ်ရာသို့ တိမ်းရှောင်ကြရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စခန်းတာဝန်ခံများ၊ လူမှုရေးအဖွဲ့များမှ သတိပေးခြင်း၊ ပြောင်းရွှေ့ပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့မှုများအား စခန်းတာဝန်ခံများနှင့် IDP စခန်းများတွင် နေထိုင်သူများက တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်း ၁၂ ခုတွင် နေထိုင်ကြသည့် မုန်တိုင်းဒဏ်သင့် ဘင်္ဂါလီများအတွက် ဆန်အိတ် ၁၂၀၀၊ ဆီပိဿာ ၁၅၀၀၊ ပဲ ပိဿာ၂၂၀၀ နှင့် တာပေါ်လင်စ ၃၆ လိပ်တို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

---

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် စစ်တွေမြို့မှ ဒေသခံပြည်သူများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ အနုပညာရှင်များ လာရောက်တွေ့ဆုံအားပေး



**စစ်တွေ မေ ၁၇**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ရခိုင်ပြည်နယ် စစ်တွေမြို့မှ ဒေသခံပြည်သူများကို အားပေးကူညီရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) မှ အနုပညာရှင်များ ပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ ရောက်ရှိခဲ့သည်။



အနုပညာရှင်များ ပါဝင်သောအဖွဲ့အား ရခိုင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှ၊ စစ်တွေခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် စစ်တွေမြို့ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းတိုက် ကယ်ဆယ်ရေးစခန်း၊ မဏိရတနာ ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းနှင့် ကျေးတောပိုက်ဆိပ်ကျေးရွာ ဆိုင်ကလုန်း shelter အဆောက်အအုံတွင် ခိုလှုံနေထိုင်ကြသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများ ပြောကြားပြီး ဆရာတော်အရှင်ဆေကိန္ဒ လှူဒါန်းသည့် ဆေးဝါးပစ္စည်းများနှင့် ရိက္ခာခြောက်များအား ဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့ သာသနာ့ဗိမာန်တော်တွင် ကျင်းပသည့် ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ဆိုင်ကလုန်း မုန်တိုင်း မိုခါ ဝင်ရောက်တိုက်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့မှ ဒေသခံပြည်သူများအား အားပေးကူညီရန် လာရောက်သော အနုပညာရှင်များအဖွဲ့တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ အနုပညာရှင်များ စုစုပေါင်း အဖွဲ့ဝင် ၄၅ ဦး ပါဝင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

# တောင်ကြီးမြို့၌ နွေရာသီအခြေခံ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ ပန်းချီ သင်တန်းဆင်းပွဲကျင်းပ

**တောင်ကြီး မေ ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာ ဗဟုသုတရရှိရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် နွေရာသီအခြေခံ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ ပန်းချီ၊ စစ်တုရင်နှင့် LCCI သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပွဲအခမ်းအနားကို လူထုအခြေပြုဗဟိုဌာန တောင်ကြီး ဘက်စုံသုံးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေ က အမှာစကားပြောကြားပြီး ပြည်နယ်ဦးစီးမှူးက စစ်တုရင်သင်တန်းတွင် သင်တန်းသားထူးချွန်ဆုရ မောင်ကြယ်စင်သန့်အား ဂုဏ်ပြုဆု၊ အခြေခံစစ်တုရင်နှင့် ပန်းချီသင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့် က အခြေခံအင်္ဂလိပ်စာနှင့် ကွန်ပျူတာ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ကိုလည်းကောင်း၊ တောင်ကြီးခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ဇော်နိုင်လင်း**

# မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍလုပ်ငန်းများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၇**

မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍလုပ်ငန်းများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ဆွေးနွေးကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍလုပ်ငန်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှု မြေပြင်စာရင်းမှန် အမြန်ဆုံးကောက်ယူရန်နှင့် ယာယီအဆောက်အအုံများအသုံးပြုနိုင်ရေး၊ ဦးစားပေးအလိုက် အဆောက်အအုံများ ပြုပြင်မွမ်းမံမှု ဆောင်ရွက်နိုင်ရေး၊ မုန်တိုင်းဒဏ်ကြောင့် စိုက်ပျိုးသီးနှံပျက်စီးမှုပမာဏ အနည်းငယ်သာရှိသော်လည်း မိုးရာသီစိုက်ပျိုးမည့် သီးနှံမျိုးစေ့များ ပျက်စီးမှုရှိနိုင်သဖြင့် လိုအပ်သောမျိုးစေ့များ အချိန်မီဖြန့်ဖြူးနိုင်ရန် ကြိုတင်စီမံရေးနှင့် လယ်ယာလုပ်ငန်းခွင်တွင် စက်မှုလယ်ယာမှ လုပ်ဆောင်ပေးရန် လိုအပ်ပါက အသင့်ရှိရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ ယင်းအပြင် မိမိတို့ဦးစီးဌာနအလိုက် ဝန်ထမ်းများနှင့် မိသားစုများ၏ စားဝတ်နေရေးကိုလည်းကောင်း၊ ကျောင်းသားများအတွက် လိုအပ်သော ကျောင်းသုံးစာအုပ်များ၊ ဝတ်စုံများ ထောက်ပံ့ပေးနိုင်ရေးနှင့် သက်ဆိုင်ရာဌာနများအလိုက် တင်ပြရမည့် စာရင်းဇယားများအချက်အလက်များကို ချက်ချင်းစိစစ်တင်ပြကြရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**





ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အစည်းအဝေးတက်ရောက်လာကြသူများက နိုင်ငံတော်အစိုးရ၏ သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဒေသဆိုင်ရာအစိုးရများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မုန်တိုင်းဒဏ်သင့်ဒေသများ၌ မိုးသီးနှံစိုက်ပျိုးရာတွင် လိုအပ်မည့် မျိုးစေ့များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခြားတိုင်းဒေသကြီးများရှိ ဌာနပိုင်ခြံများ ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ငန်းရှင်များက ကူညီပံ့ပိုးပေးသွားရန် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းဖွင့်ရာသီတွင် စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) ဖွင့်လှစ်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စက်မှုလယ်ယာ စခန်းများရှိ စက်ယန္တရားများ စွမ်းအားပြည့် အသုံးပြုနိုင်ရေးနှင့် လိုအပ်ချက်များ ကူညီမှုပေးနိုင်ရန် စက်မှုလယ်ယာဦးစီးဌာန ရုံးချုပ်မှ ကျွမ်းကျင်သူများ စေလွှတ်ပေးသွားမည့် အစီအမံများ၊ ရေဘေးကာကွယ်ရေး တာများ ထိခိုက်ပျက်စီးမှုနှင့် ဆည်ရေပေးဝေရေး အဆောက်အအုံများ ထိခိုက်ခဲ့မှုအခြေအနေများ၊ ကာလတိုအတွင်း မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးနှင့် မွေးမြူရေးတိရစ္ဆာန်သားပေါက်များရရှိရေး၊ တိရစ္ဆာန် အစာရရှိရေးအတွက် ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးအသင်းအဖွဲ့များက ချိတ်ဆက်ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးပြီး သက်ဆိုင်ရာဒေသများသို့ တာဝန်ပေးစေလွှတ်မည့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော စစ်တွေပြည်သူ့ဆေးရုံကြီး၏ ပြန်လည်တည်ဆောက်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၁၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အဆောက်အဦများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**





"အများပြည်သူနှင့် သက်ဆိုင်သည့် အဆောက်အဦများကို အမြန်ဆုံးဦးစားပေး ပြန်လည်ပြုပြင်ဆောင်ရွက်ရန်" ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆေးရုံရှိ ပျက်စီးသွားသောအမိုးများအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်နေမှုကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့အတူ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ဆေးရုံကြီး၏ ရေရရှိမှု အခြေအနေများကိုလည်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံဝင်းအတွင်းရှိ ဆေးသိုလှောင်ရုံအတွင်း ဆေးနှင့် ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိအောင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လူနာများ အဆင်ပြေချောမွေ့စွာ ဆေးကုသမှုခံယူနိုင်အောင် ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် ဆေးရုံဝန်ထမ်းများ ပူးပေါင်းကာ သစ်ပင်ချိုးနွယ်များနှင့် အမှိုက်များ ရှင်းလင်းနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စစ်တွေ ပြည်သူ့ဆေးရုံကြီးသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ မုန်တိုင်းမကျရောက်မီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိသည့်အတွက် မုန်တိုင်းကျရောက်စဉ်နှင့် ကျရောက်ပြီးအချိန်များတွင် ဆေးကုသမှုလုပ်ငန်းများ ရပ်ဆိုင်းမသွားဘဲ (၂၄) နာရီပတ်လုံး ခွဲစိတ်ကုသမှုများ အပါအဝင် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မုန်တိုင်းကျရောက်ခဲ့သည့် ဒေသများဖြစ်သည့် စစ်တွေမြို့ပေါ်၊ မြို့နယ်များနှင့် ရပ်ကွက်ကျေးရွာများရှိ ပြည်သူလူထု ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် သောက်သုံးရေပေးဝေသည့် ရေတွင်း ရေကန်များကို ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်ရှိ အခြားမြို့နယ်များတွင်ပါ ဆက်လက်ဆောင်ရွက်နိုင်ရန် ညွှန်ကြားဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရသေ့တောင်မြို့နယ်ရှိ ပျက်စီးသွားသည့်ဆေးရုံအဆောက်အဦများ ပြန်လည်ပြင်ဆင်နိုင်ရေး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုအားဖြည့် ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးအဖွဲ့တစ်ဖွဲ့သည် ကျန်းမာရေး ဝန်ကြီးဌာနမှ ထောက်ပံ့သည့် ရေသန့်များ၊ ဆေးနှင့် ဆေးပစ္စည်းများနှင့်အတူ ယနေ့တွင် ရသေ့တောင်မြို့နယ်သို့ ထွက်ခွာသွားကြသည်။ ထို့အတူ မောင်တောမြို့နယ်ရှိ ကျောက်ပန္နူ၊ မြို့ယု၊ အင်းဒင်ရွာများသို့ လိုအပ်သည့် ရေသန့်၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ကလိုရင်းဆေးမှုန့်များ ပို့ဆောင်ပေးခဲ့ပြီး စစ်တွေမြို့ရှိ သက္ကယ်ပြင်ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်းများက ဆေးခန်းများဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပျက်စီးသွားသည့် တိုက်နယ်ဆေးရုံ အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-9 (သင်ရိုးသစ်) ဆင့်ပွားသင်တန်းဖွင့်

**ဘားအံ မေ ၁၇**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-9 (သင်ရိုးသစ်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြသံလွင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ဥပဒေချုပ် ဦးရဲလွင်က ပညာဆည်းပူး သင်ယူကြမည့် ကျောင်းသား ကျောင်းသူများအတွက် သင်ကြားမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ သင်ယူတတ်မြောက်မှု မြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်စေရေးအတွက် အဆင့်မြင့်ပညာနှင့် အခြေခံပညာ ဆရာ ဆရာမများ ပူးပေါင်းကာ ကြိုတင်ပြင်ဆင် ဆွေးနွေးကြသည့် သင်တန်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်ရိုးသစ် ဆင့်ပွားသင်တန်းကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၂) အခြေခံပညာအထက်တန်းနှင့် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် သင်တန်းသား ၂၅၅၇ ဦးကို ဗဟိုအဆင့်နှင့် ဘားအံတက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့သည့် Grade-9 (သင်ရိုးသစ်) သင်တန်းတက်ရောက် ပြီးစီးသည့် ဆရာ ဆရာမများက ပြန်လည်သင်ကြား ပို့ချမည်ဖြစ်ပြီး သင်တန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံဘာသာရပ်များ၊ ဂီတ၊ ပန်းချီ၊ စာရိတ္တ၊ နီတိနှင့် ကာယပညာရပ်များကို သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကာလမှာ မေ ၁၇ ရက်မှ မေ ၂၄ ရက်အထိ ရှစ်ရက်တာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပို့ချပေးမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဇော်ဘီ**

# မြန်မာ့သမိုင်းစဉ်နှင့်ပတ်သက်၍ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း သုတေသနရှာဖွေတွေ့ရှိမှုနှင့် မြန်မာ့ကျောက်ခေတ်သုတေသန အထောက်အထားအချက်အလက်များ ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မေ ၁၇**

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ရေးသားပြုစုနိုင်ရန်အတွက် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း သုတေသနရှာဖွေတွေ့ရှိမှုနှင့် မြန်မာ့ကျောက်ခေတ် သုတေသန အထောက်အထား အချက်အလက်များဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲသို့ မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖဲ၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာသမိုင်းအဖွဲ့မှ ပညာရှင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနမှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ ရှေးဟောင်းသုတေသနဆိုင်ရာ ပညာရှင်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် လက်တွေ့ကွင်းဆင်းတူးဖော်မှု ဆောင်ရွက်နေကြသော အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းစဉ်အတွက် အလွန်အရေးကြီးသော ဆွေးနွေးပွဲဖြစ်သည်နှင့်အညီ ယနေ့ သမိုင်းစဉ်ဆွေးနွေးပွဲမှ အသစ်တွေ့ရှိမှု အချက်အလက်အထောက်အထားများကို ပေါင်းစပ်ဖြည့်စွက်၍ ကွင်းဆင်းလေ့လာတူးဖော်သုတေသနပြုတွေ့ရှိမှုမှ ခိုင်မာသော အထောက်အထားများဖြင့် ပိုမိုပြည့်စုံမှန်ကန်သည့် မြန်မာနိုင်ငံ၏ လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာ သမိုင်းကြောင်းကို အတည်ပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကျောက်ခေတ်သုတေသန ပြုလုပ်နေသည့် ပြည်တွင်း၊ ပြည်ပပညာရှင်များ၏ ကွင်းဆင်းလေ့လာတွေ့ရှိချက်များ၊ သုတေသနပြုတွေ့ရှိချက်များ၊ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်သုတေသနပြု တွေ့ရှိချက်များ၊ ခေတ်မီသိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကို ပေါင်းစပ်ဖြည့်စွက်၍ ခိုင်မာသောသမိုင်းစဉ် ရရှိနိုင်ရေးအတွက် မူကြမ်းပြုစုပြီးဖြစ်ပါကြောင်း။

ကျောက်ခေတ်ဆိုင်ရာ သမိုင်းစဉ်တွင် ယခင်က မတွေ့ရှိခဲ့ရသေးသော ကျောက်ခေတ်လယ်ထွန်းကားခဲ့သည့် အထောက်အထားအသစ်တွေ့ရှိချက်များ၊ သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှု ရလဒ်များကြောင့် အချို့သောသမိုင်းစဉ် ခေတ်ကာလများမှာ များစွာပီပြင်ပုံပေါ်လာပြီဖြစ်၍ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဖြစ်စဉ် ကွင်းဆက်ပြောင်းလဲလာမှုများကို ပြည်သူများသိရှိစေရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အလားတူ ကျောက်ခေတ်လယ်ဆိုင်ရာ အသစ်တွေ့ရှိချက်များကို နိုင်ငံတကာစာတမ်းဖတ်ပွဲ ပြုလုပ်၍ နိုင်ငံတကာပညာရှင်များ သိရှိလက်ခံအောင် ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးမိုးလွင်က မြန်မာ့မြေလွှာဖြစ်တည်မှုအကြောင်းကို လည်းကောင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချစ်စိန်က ပုံတောင်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေတွေ့ရှိမှုသမိုင်းကို လည်းကောင်း၊ ဗန်းမော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်က ရောဝတီပရိုင်းမိတ် ရှာဖွေတွေ့ရှိမှုနှင့် အထောက်အထားများအကြောင်းကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ပြင်ဆင်ဖြည့်စွက်လိုသည်များကို ဆွေးနွေးပြောကြားခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်က ဆွေးနွေးချက်များအပေါ် သုံးသပ်တင်ပြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်ခေတ်ဆိုင်ရာ သုတေသန အထောက်အထားအချက်အလက် ဆွေးနွေးပွဲကိုဆက်လက်ပြုလုပ်ရာ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်) မှ ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်က မြန်မာ့ကျောက်ခေတ်အကြောင်းကို တင်ပြဆွေးနွေးပြီး ယခင်မတွေ့ရှိရသေးသော ကျောက်ခေတ်လယ်ယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ခဲ့ပြီး ကျောက်ခေတ်ကို ပြည့်စုံစွာ မြန်မာ့မြေပေါ်တွင် တစ်ဆက်တစ်စပ်တည်း ပေါ်ပေါက်ခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသူများက ပြင်ဆင်ဖြည့်စွက်လိုသည်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်က အထွေထွေဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုခါမုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးခြင်း အများဆုံးပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်အတွင်းလျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၇**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ မေ ၁၄ ရက်တွင် တိုက်ခတ်သွားသော မိုခါမုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးခြင်း အများဆုံးပျက်စီးခဲ့သည့် စစ်တွေဒေသ၊ ရသေ့တောင်ဒေသများနှင့် အခြားသော ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများသို့ အမြန်ဆုံး လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

**လုပ်ငန်းညှိနှိုင်းစည်းဝေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရခိုင်ပြည်နယ်မြောက်ပိုင်း ဒေသများသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးလျက်ရှိသည့် ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း မဟာဓာတ်အားလိုင်း တာဝါတိုင် ၁၂ တိုင် ပျက်စီးမှုများနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလိုင်း ပျက်စီးမှုများကို ပြုပြင် ဆောင်ရွက်နိုင်ရန် ဝန်ထမ်းအင်အားစုဖွဲ့ထားရှိမှု၊ ပစ္စည်းများ ပို့ဆောင်ရောက်ရှိမှုများနှင့် ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။



**သွားရောက်စစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျက်စီးနေသော တာဝါတိုင်များ၊ ဖြန့်ဖြူးရေးလိုင်းများ ပြန်လည်ပြင်ဆင်တည်ဆောက်နိုင်ရန် ရှင်းလင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြုပြင်ရန်ပစ္စည်းရောက်ရှိမှုများကို လည်းကောင်း သွားရောက်စစ်ဆေးသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ထိုသို့ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းအင်အား ၄၂၀ တို့သည် စစ်တွေဒေသ၊ မြောက်ဦးဒေသ၊ ပုဏ္ဏားကျွန်းဒေသများတွင် အသီးသီးဖြန့်ခွဲ၍ ဓာတ်အားပို့လွှတ်လျက်ရှိသည့် မဟာဓာတ်အားလိုင်းများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးလုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးများမှ စုဖွဲ့ထားသော ကျွမ်းကျင်ဝန်ထမ်းအင်အား ၆၀၀ ဖြင့် စစ်တွေမြို့အတွင်း ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး မေလကုန်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတစ်ခုလုံးအား လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်မီ ပြုပြင်ပြင်ဆင်နိုင်ရန်အတွက် လိုအပ်လျက်ရှိသော ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများဖြစ်သည့် တန်ချိန် ၆၉ တန်ရှိ တာဝါသံပေါင်များ၊ ကွန်ကရစ်တာဝါတိုင် ၃၅၀၀ နှင့် အိမ်မိုးသွပ်ချပ် ၁၅၀၀၊ မီးစက်များ၊ စက်သုံးဆီများအား တပ်မတော်ရေယာဉ်များဖြင့် လည်းကောင်း၊ မင်းပြားဒေသရှိ ကွန်ကရစ်တိုင် ၂၀၀၀ ကို စစ်တွေဒေသသို့ မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ အခြားဆက်စပ် အသုံးပြုရန် လိုအပ်သည့် ထရန်စဖော်မာများ၊ ကြိုးများ၊ ကြွေသီးများ၊ လိုင်းဆွဲသားရာတွင် အသုံးပြုသည့် ယန္တရားများအား မော်တော်ယာဉ် ၁၂ စီးဖြင့် လည်းကောင်း ပို့ဆောင်ပေးလျက်ရှိပြီး ကျန်ရှိသော ပစ္စည်းများကိုလည်း မော်တော်ယာဉ်များဖြင့် ဆက်လက် ပို့ဆောင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

*❂ ကျောဖုံးမှ*

ထိုင်းနိုင်ငံကို ပြိုင်ပွဲကျင်းပရေးအလံ လွှဲပြောင်းပေးအပ်သည်။

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဧပြီ ၂၉ ရက်မှ မေ ၁၇ ရက်အထိ ကျင်းပခဲ့ပြီး အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံးမှ အားကစားသမား ၆၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယခုပြိုင်ပွဲတွင် အားကစားနည်း ၃၆ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ရွှေတံဆိပ်စုစုပေါင်း ၅၈၆ ခု ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဗီယက်နမ်နိုင်ငံက ရွှေ ၁၃၆ ခု၊ ငွေ ၁၀၅ ခု၊ ကြေး ၁၁၄ ခုဖြင့် နိုင်ငံအလိုက်ဆုရရှိမှုတွင် ပထမနေရာရရှိခဲ့ပြီး ဗီယက်နမ်အသင်းနောက်တွင် ထိုင်းနိုင်ငံက ရွှေ ၁၀၈ ခု၊ ငွေ ၉၆ ခု၊ ကြေး ၁၀၈ ခုဖြင့် ဒုတိယ၊ အင်ဒိုနီးရှားနိုင်ငံက ရွှေ ၈၇ ခု၊ ငွေ ၈၀၊ ကြေး ၁၀၉ ခုဖြင့် တတိယ၊ အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံက ရွှေ ၈၁ ခု၊ ငွေ ၇၄ ခု၊ ကြေး ၁၂၇ ခုဖြင့် အဆင့် ၄၊ ဖိလစ်ပိုင်နိုင်ငံက ရွှေ ၅၈ ခု၊ ငွေ ၈၆ ခု၊ ကြေး ၁၁၆ ခုဖြင့် အဆင့် ၅၊ စင်ကာပူနိုင်ငံက ရွှေ ၅၁ ခု၊ ငွေ ၄၂ ခု၊ ကြေး ၆၄ ခုဖြင့် အဆင့် ၆၊ မလေးရှားနိုင်ငံက ရွှေ ၃၄ ခု၊ ငွေ ၄၅ ခု၊ ကြေး ၉၇ ခုဖြင့် အဆင့် ၇၊ မြန်မာနိုင်ငံက ရွှေ ၂၁ ခု၊ ငွေ ၂၅ ခု၊ ကြေး ၆၈ ခုဖြင့် အဆင့် ၈၊ လာအိုနိုင်ငံက ရွှေ ခြောက်ခု၊ ငွေ ၂၂ ခု၊ ကြေး ၆၀ ဖြင့် အဆင့် ၉၊ ဘရူနိုင်းနိုင်ငံက ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးခြောက်ခုဖြင့် အဆင့် ၁၀၊ တီမောနိုင်ငံက ကြေးရှစ်ခုဖြင့် အဆင့် ၁၁ နေရာ ဆွတ်ခူးရရှိခဲ့သည်။

**ညီမြတ်သော်တာ**

# ငြိမ်းချမ်းပါစေ ဒေါနမြေ

ဇာနည်ဘွား

**ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ကျင်းပခဲ့သော (၁၇) ကြိမ်မြောက် ကေအင်(န်)ယူ ကရင်အမျိုးသားအစည်းအရုံးကွန်ဂရက်နှင့် ကေအင်(န်)ယူ ထိပ်ပိုင်း အပြောင်းအလဲများနှင့်အတူ "မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီစနစ်ထူထောင်ရေး၊ ကရင်အမျိုးသားတို့၏ ရသင့်ရထိုက်သော အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် အခွင့်အရေးများရရှိရေး" စသည်ဖြင့် ဖော်ပြထားသည့် ထုတ်ပြန်ကြေညာချက်များ။**

တစ်ဖန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ "KNU အနေဖြင့် စစ်တပ်အာဏာသိမ်းယူမှု၊ မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်တိုက်ဖျက်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်ပေါက်ရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် သန္နိဋ္ဌာန်ချမှတ်ထားပြီး တိုက်ပွဲဝင်နေကြသော တိုင်းရင်းသားတော်လှန်ရေး အင်အားစုများ၊ ဒီမိုကရေစီအင်အားစုများ၊ လူထုလူတန်းစားအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ထုတ်ပြန်ထားခြင်းသည် အပြုသဘောမဆောင်ဘဲ NCA ပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ပြီး ထိပ်တိုက်ရင်ဆိုင်မှုလမ်းကြောင်းသို့ ဦးတည်နေကြောင်း။

**ကောင်းမွန်သောရလဒ်များ ရရှိ**

လက်ရှိကာလတွင် နိုင်ငံတော်အစိုးရသည် တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးကိုဖိတ်ခေါ်၍ တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့ပြီး ကောင်းမွန်သောရလဒ်များနှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဘုံသဘောတူညီချက်များ ရရှိခဲ့သည့်အပြင် ယခုအချိန်အထိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံဆွေးနွေးရန် လမ်းဖွင့်ထားဆဲဖြစ်ကြောင်း" စသည့် သဘောထား ထုတ်ပြန်ချက်များ။

တစ်ဆက်တည်းမှာပင် ကရင်အမျိုးသားအစည်းအရုံး(KNU) တပ်မဟာ(၆) ၏ ခရိုင်ဥက္ကဋ္ဌ ပဒိုစောရွှေမောင်း၏ "တိုက်ပွဲဖော်ဆောင်သူ၊ ပစ်ခတ်သူများကို မေးလိုသည်။ ကျွန်ုပ်တို့ ဒေသတွင်းနေထိုင်ကြသော မိဘပြည်သူများသည် လက်ရှိကာလ၌ ပစ်ခတ်တိုက်ခိုက်နေကြခြင်းကြောင့် လယ်ယာထွန်ယက်စိုက်ပျိုးရမည့် အချိန်၊ ကလေးသူငယ်များ ကျောင်းတက်ပညာ သင်ယူရမည့်အချိန်၌ မည်သည့်အရာမျှ မလုပ်ဆောင်နိုင်ဘဲ ပြေးရှောင်နေကြရသည်။ တိုက်ပွဲကြောင့် ဆုံးရှုံးစွန့်လွှတ်နေကြရသည်ကို ဂရုပြုမိပါသလား။

လက်နက်ကိုင်အဖွဲ့များ၏ ကြွေးကြော်သံနှင့် ဆောင်ရွက်လိုကြသည့်အရာတို့သည် ကျွန်ုပ်တို့ ပြည်သူများနှင့် ရင်သွေးငယ်များအတွက် ရှိပါသေးသလား။ ထည့်သွင်းထားရှိပါသေးလား။

**တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပါက အားလုံးအတွက် အကျိုးများစေမည်ဟု ယုံကြည်**

ထို့ကြောင့် မိဘပြည်သူအတွက်၊ အမျိုးသားထုအတွက် ဆောင်ရွက်နေကြပါသည်ဟု ပြောဆိုကြွေးကြော်နေကြသော လက်နက်ကိုင်အဖွဲ့များအား မေတ္တာရပ်ခံလိုသည်မှာ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခင်းအကျင်း၊ နိုင်ငံရေးအခြေအနေ၊ အနေအထားအရ တွေ့ဆုံဆွေးနွေးသည့် လမ်းကြောင်းမှတစ်ဆင့် ပြောဆိုညှိနှိုင်းမှုများ ပြုလုပ်ပါက ယခုလက်ရှိပစ်ခတ်တိုက်ခိုက် သတ်ဖြတ်နေကြသည့် ဆောင်ရွက်မှုလုပ်ငန်းများထက် အဆများစွာ အားလုံးအတွက် ပိုမိုသာလွန် အကျိုးများစေမည်ဟု ယုံကြည်ပါသည်။ ညှိနှိုင်းဆောင်ရွက်ကြစေလိုသောဆန္ဒဖြင့်" ဟူသည့် လူမှုကွန်ရက်စာမျက်နှာထက်က သဘောထားထုတ်ဖော်တင်ပြခြင်းတို့ကို သတိပြုဖတ်ရှုခဲ့မိသည်။

**လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး (NCA) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး လက်မှတ်ရေးထိုးလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တာဝန်ရှိသူ သက်ဆိုင်သူအားလုံးက မှန်ကန်သော စိတ်ရင်းစေတနာ၊ ပြင်းပြသောဆန္ဒတို့ဖြင့် တက်ညီလက်ညီစုပေါင်း အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း**

တပ်မတော်က ကေအင်(န်)ယူတို့၏ မဲသဝေါ၊ မော်ဖိုးကော၊ မဲလ၊ မာနယ်ပလော၊ ကော့မူးရာ (ခေါ်) ဝါးခသစ်စသည့် အခိုင်အမာစခန်းများအပေါ် ၁၉၈၈–၈၉၊ ၁၉၉၅ ခုနှစ် ကာလများတွင် ထိုးစစ်ဆင်နွှဲခဲ့ပြီး သိမ်းယူနိုင်ခဲ့သည့် စခန်းသိမ်းတိုက်ပွဲများ၊ နှစ်ဖက်ထိခိုက်ကျဆုံးမှုများ။

တိုက်ပွဲများကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် လူမှုရေးရာများကို ငြိမ်းငြိမ်းချမ်းချမ်း၊ အေးအေးချမ်းချမ်းမလုပ်နိုင်ဘဲ တစ်ဖက်နိုင်ငံနယ်မြေအတွင်းရှိ ဒုက္ခသည်စခန်းများတွင် ပင်ပန်းဆင်းရဲစွာနေခဲ့ရရှာသည့် ဒေသခံကရင်တိုင်းရင်းသားပြည်သူများကို ပြန်လည်အမှတ်ရလာမိသည်။

**ငြိမ်းချမ်းရေးအတွက် အကြိမ်ကြိမ်ဆွေးနွေး**

ခရစ်နှစ် ၂၀၀၀ ကျော်လွန်နှစ်များအတွင်း၌မူ ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရောင်နီ ယှက်ဖြာသန်းလာခဲ့သည်ဟု ဆိုရပါမည်။ အမှန်တကယ်အားဖြင့်မူ ၁၉၉၃ ခုနှစ် နှစ်ဆန်းကာလကတည်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် အစပျိုးဖြစ်တည်လာခဲ့သည်။ ကေအင်(န်)ယူ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်မြနှင့် ဦးထိန်မောင်တို့သည် ထိုစဉ်က တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်းကို ထိုင်းတပ်မတော်မှတစ်ဆင့်ကမ်းလှမ်းခဲ့သည်။ သို့ဖြင့် နှစ်ဖက်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးရရှိရေးအတွက် ၁၉၉၆ ခုနှစ်အထိ အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြသည်။

၁၉၉၇ ခုနှစ် နှစ်ဆန်းကာလတွင်မူ ဒေါနမြေ၏ ငြိမ်းချမ်းရေးခရီးစဉ်သည် အနှောင့်အယှက်၊ အဟန့်အတားများ ဖြစ်ပေါ်လာခဲ့သည်။ အမေရိကန်နိုင်ငံ အဖွဲ့အစည်းတစ်ခုက ကမကထပြု၍ KNU မှ ဦးဆောင်သော DAB နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများပါဝင်သော မဲသဝေါဆွေးနွေးပွဲအပြီးတွင် "အမျိုးသားညီလာခံကို အသိအမှတ်မပြုကြောင်း၊ ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစုနှင့် အစိုးရအဖွဲ့တို့ သုံးပွင့်ဆိုင်ဆွေးနွေးမှုပြုလုပ်ရန်၊ အာဆီယံအဖွဲ့ဝင်အဖြစ် လက်မခံသေးဘဲ ဆိုင်းငံ့ထားရန်၊ ဒီမိုကရေစီရေးနှင့် လူထုတိုက်ပွဲကို ထောက်ခံကြောင်း" စသည့်အချက်များပါဝင်သည့် ထုတ်ပြန်ကြေညာချက်နှင့်အတူ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများလည်း ရပ်ဆိုင်းသွားခဲ့ပြီး ကေအင်(န်)ယူဘက်မှ စစ်ရေးလှုပ်ရှားမှုများပင် ပြန်လည်လုပ်ဆောင်လာခဲ့လေသည်။

သို့ရာတွင် ကေအင်(န်)ယူ ဥက္ကဋ္ဌကြီးဗိုလ်ချုပ်မြ အပါအဝင် ငြိမ်းချမ်းရေးကို လိုလားကြသော ခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့၏ ကြိုးပမ်းမှုများကြောင့် ၂၀၀၃ ခုနှစ်အတွင်း ငြိမ်းချမ်းရေးရောင်ခြည်များ ပြန်လည်ယှက်သန်းလာခဲ့သည်။

**ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများစတင်**

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် ကေအင်(န်)ယူ ဥက္ကဋ္ဌ ဗိုလ်ချုပ်မြ၊ ဦးထိန်မောင်၊ ဦးတူးတူးလေး၊ ဦးဒေးဗစ်ထော၊ ဦးစောဂျော်နီတို့ ခေါင်းဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ တစ်ဆင့် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အသေးစိတ်ဆွေးနွေးမှုများ စတင်ဆောင်ရွက်နိုင်ခဲ့ကြသည်။

ထို့နောက်ပိုင်းတွင် ကေအင်(န်)ယူ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မြသည် ကျန်းမာရေး ချို့ယွင်းလာမှုကြောင့် ဆေးကုသမှုခံယူနေစဉ်မှာပင် ကွယ်လွန်သွားခဲ့ရှာသည်။ ဗိုလ်ချုပ်မြသည် ငြိမ်းချမ်းရေးမရယူနိုင်ခင်မှာ ကွယ်လွန်သွားခဲ့ရှာသော်လည်း သူကိုယ်တိုင်လိုလားတောင့်တပြီး အစပျိုးခဲ့သည့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှာမူ ဆက်လက်ရှင်သန် အသက်ဝင်ခဲ့၍ အပစ်အခတ်ရပ်စဲရေးကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပေသည်။

ကရင်တိုင်းရင်းသားတို့၏ ဖွဲ့ကပင်မြေ၊ ဒေါနမြေဝယ် ဗုံးသံ၊ သေနတ်သံများအစား ဖားစည်သံများ၊ ကရင်ဒုံးယိမ်းအသံများ ဝေဆာလာသည်။ နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲစသည့် ဘာသာရေးဆိုင်ရာ ရိုးရာဓလေ့ပွဲတော်များဖြင့် စည်ကားလာသည်။ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်က တတ်နိုင်သမျှ ဆောင်ရွက်ပေးနိုင်ခဲ့၍ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

**ငြိမ်းချမ်းရေးမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုမဖြစ်နိုင်**

သမ္မတဦးသိန်းစိန်ဦးဆောင်သော ဒီမိုကရေစီ အစိုးရသစ်လက်ထက်တွင်မူ ငြိမ်းချမ်းရေးမရှိဘဲ ဒီမိုကရေစီစနစ်မထွန်းကားနိုင်သလို ငြိမ်းချမ်းရေး မရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုမဖြစ်နိုင်ဟုခံယူပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ငြိမ်းချမ်းရေးကမ်းလှမ်းသည့် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်း ၁၆ ဖွဲ့နှင့် ဆွေးနွေးဆောင်ရွက်ခဲ့သည်။

ပြည်နယ်အဆင့် သဘောတူညီချက်၊ ပြည်ထောင်စုအဆင့် သဘောတူညီချက်များ ရရှိလာစေရန် ရက်ပေါင်း ၁၄၅၀ အတွင်း တွေ့ဆုံညှိနှိုင်းမှုများအပါအဝင် အစည်းအဝေးပေါင်း ၅၀၀၀ ခန့်ပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံတို့အား သက်သေထား၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ဖြင့် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တွင် ကေအင်(န်) ယူအဖွဲ့ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက်ကေအင်(န်)ယူဘက်မှ ခေါင်းဆောင်ဗိုလ်ချုပ်ကြီးမူတူစေးဖိုးနှင့် ပဒိုဒေးဗစ်ထော(ကွယ်လွန်)တို့သည် အထူးကြိုးပမ်းဆောင်ရွက်သွားခဲ့ကြသည်။ ပဒိုဒေးဗစ်ထောသည် ကရင်တစ်မျိုးသားလုံးအတွက် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းစဉ်အတွင်း မင်္ဂလာဒုံစစ်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ရှာသည်။ သူသည် အဆုတ်တစ်ခြမ်းသာရှိ၍ အောက်ဆီဂျင်ဘူးကို အမြဲဆောင်ယူအသုံးပြုနေရသူဖြစ်သည့်တိုင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အားတက်သရော ပါဝင်ဆွေးနွေးခဲ့သည်။ ပဒိုဒေးဗစ်ထောအား ဂုဏ်ပြုသည့်အနေဖြင့် ဝန်ကြီးဦးအောင်မင်းက ဘားအံမြို့၌ ဒေးဗစ်ထောခန်းမကို ဖွင့်လှစ်တည်ထောင်ပေးခဲ့သည်။

**ဒေသခံပြည်သူများ မြို့လုံးကျွတ်ကြိုဆို**

ကရင်တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် ကေအင်(န်)ယူအဖွဲ့ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် အထူးလိုလားတောင့်တခဲ့ကြသည်။ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးအဆင့်မှာပင် လာရောက်ဆွေးနွေးခဲ့ကြသည့် ကေအင်(န်)ယူအဖွဲ့ကို ဘားအံမြို့၌ ဒေသခံပြည်သူများက မြို့လုံးကျွတ်မျှ ဝမ်းပန်းတသာကြိုဆိုခဲ့ကြသည်။

ငြိမ်းချမ်းရေး၏အရသာ၊ ငြိမ်းချမ်းရေး၏ တန်ဖိုးကို ပဋိပက္ခများကြားတွင် နှစ်ပေါင်းများစွာ တထိတ်ထိတ်၊ တလန့်လန့်ကျီးလန့်စာစား နေထိုင်ခဲ့ကြရသော ဒေသခံတိုင်းရင်းသားပြည်သူများက အဝေးတစ်နေရာမှမြှောက်ပင့်သွေးထိုး လှုံ့ဆော်နေသူများထက် ပို၍ခံစားနားလည်သဘောပေါက်ခဲ့ကြသည်။

သမ္မတဦးသိန်းစိန်ကလည်း "အချင်းချင်းဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲနဲ့တိုက်ခိုက် သတ်ဖြတ်နေကြတာ ကချင်တစ်ယောက်သေလည်း တိုင်းပြည်ဆုံးရှုံးတာပဲ၊ ရှမ်းတစ်ယောက်သေလည်း တိုင်းပြည်ဆုံးရှုံးတာပဲ၊ ကရင်တစ်ယောက်သေလည်း တိုင်းပြည်ဆုံးရှုံးတာပဲ။ ဗမာတစ်ယောက်သေလည်း တိုင်းပြည်ဆုံးရှုံးတာပဲ။ ဆုံးရှုံးတာကတော့ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ အင်အားပြုန်းတီးစေတာပါပဲ" ဟု ထိုစဉ်က ပြောကြားခဲ့သည်။

လက်ရှိနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် *စာမျက်နှာ ၁၁ သို့*

## ရွှေညီလာခံ

❖ ပညာရွှေအိုး လူမခိုးဟု
နိုးကြားမြန်မာ ရှေးစဉ်လာကို
ငါသူစောင့်ထိန်း ရင်ဝယ်ကိန်းသော်
သိန်းသန်းကုဋေ ကမ္ဘာ့မြေဝယ်
ရွှေမြန်မာများ တန်ခိုးထွားကာ
ပွားတိုးအဆင့် ဂုဏ်လည်းမြင့်၍
တင့်ဖြိုးဝေလွင် ပြည်စည်ပင်၏ ။

❖ လူ့စွမ်းရင်းမြစ် မွေးထုတ်ဖြစ်ရန်
နှစ်သားကုံလုံ "ပညာဘက်စုံ"
ပုံမှန်ဖွံ့ဖြိုး လုံးစုံတိုးဖို့
စိုးမိုးစီမံ "ရွှေညီလာခံ" ။

❖ ပညာရပ်ဝိုင်း အဆင့်တိုင်းတွင်
နှိုင်းယှဉ်တိုးတက် အကောင်းဖက်ပြီး
သက်ငယ်လတ်ကြီး ပညာဖီးလျက်
သီးပွင့်ဝေဆာ အလွှာလွှာအား
သာယာစေရန် "ရွှေညီလာခံ" ။

❖ အနာဂတ်ရေး မြော်မြင်တွေးလျက်
ဆွေးနွေးဝေဖန် အကြံဉာဏ်ကို
စံထားထွက်ရန် "ရွှေညီလာခံ" ။

❖ စာတမ်းပြုစု ကောင်းရာတုကာ
နှုပျိုရွယ်သင့် အဆင့်ဆင့်ကို
တင့်လှပေဟန် ပညာခံတို့
မှန်ပင်သာမိုး ရှည်ဖွံ့ဖြိုးမည်
ကြိုးစားစီမံ "ရွှေညီလာခံ" ။ ။

ညို့ဝင်း(ချစ်မြေ)

"မေ ၁၈-၂၀ ရက်တွင် ကျင်းပမည့် ပညာရေးညီလာခံ (၂၀၂၃)" ကို ဂုဏ်ပြုရေးဖွဲ့အပ်ပါသည်။

## တိုင်းပြည်၏ ကဏ္ဍအသီးသီး၌ ခေါင်းဆောင်များဖြစ်လာကြမည့် လူငယ်လူရွယ်မောင်မယ်များအနေဖြင့် လူကောင်းလူတော်များဖြစ်လာရန် ကြိုးစားကြစေလို




**နေပြည်တော် မေ ၁၇**
တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနက ပြုလုပ်သော ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက်က အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ အမှုထမ်းများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများတက်ရောက်ကြသည်။

**ရလဒ်ကောင်းများရရှိ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းမိသားစုများ၏ သားသမီးများကို ယဉ်ကျေးလိမ္မာပြီး အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများ တိုးပွားစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း၊ ယခု သင်တန်းကို တက်ရောက်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် လူအများနှင့် ပိုမိုကောင်းမွန်စွာ ပေါင်းသင်း ပြောဆိုဆက်ဆံနိုင်သည့် အကျိုးကျေးဇူး ရလဒ်ကောင်းများကိုလည်း ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ နောင်တစ်ချိန် တိုင်းပြည်၏ ကဏ္ဍအသီးသီး၌ ခေါင်းဆောင်များဖြစ်လာကြမည့် လူငယ်လူရွယ် မောင်မယ်များအနေဖြင့် ယဉ်ကျေးလိမ္မာပြီး အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများနှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူကောင်းလူတော်များ ဖြစ်လာရန် ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သင်တန်းသား သင်တန်းသူများ၏ ယဉ်ကျေးခြင်းနှင့် လိမ္မာခြင်းတို့သည် ဤဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံသားအားလုံးအတွက် ယဉ်ကျေးလိမ္မာသော လူမျိုး၊ ယဉ်ကျေးလိမ္မာသော အထောက်အပံ့ကောင်းများ ဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**


ပညာရေးဝန်ကြီးဌာန

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ


## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၇**
နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နောက်နှစ်ရက် အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ပေးပို့ခဲ့သော သဝဏ်လွှာတွင် "ကရင်တိုင်းရင်းသားတို့၏ တိုင်းပြည်အပေါ်ထားရှိသည့် ကောင်းမွန်သော စိတ်ထားများကြောင့် ငြိမ်းချမ်းရေးအသီးအပွင့်ကို လက်တွေ့သိရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ထိတွေ့ခံစားနေရပြီဖြစ်သည်။ ထိုရရှိပြီးသော ရလဒ်ကောင်းများကို ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ဖော်ဆောင်ပြီး ငြိမ်းချမ်းရေးအမွေကို သားစဉ်မြေးဆက်ခံစားနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်မှာ ကရင်တိုင်းရင်းသားတို့၏ သမိုင်းပေး တာဝန်ပင်ဖြစ်သည်။

မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး (NCA) ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံး လက်မှတ်ရေးထိုးလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တာဝန်ရှိသူ သက်ဆိုင်သူအားလုံးက မှန်ကန်သော စိတ်ရင်းစေတနာ၊ ပြင်းပြသောဆန္ဒတို့ဖြင့် တက်ညီလက်ညီစုပေါင်းအကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်းဖော်ပြအပ်ပါသည်" စသည်ဖြင့် ဖော်ပြခဲ့သည်။

ထို့အတူ "လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းပဋိပက္ခများချုပ်ငြိမ်းရေးကို (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေပေးခဲ့ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်" စသည်ဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည်။

ကရင်ပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေး၏ အချက်အချာဒေသတစ်ခုဖြစ်သည့်အပြင် သဘာဝအလှတရားများတည်ရှိရာ ဒေသတစ်ခုလည်းဖြစ်သည်။ သဘာဝသယံဇာတ ပေါကြွယ်ဝပြီး အဖိုးတန်သစ်တောများလည်းရှိနေသည့်အတွက် ရာသီဥတုသမမျှတပြီး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့် ပြည်နယ်တစ်ခုလည်း ဖြစ်သည်။

**နိုင်ငံတစ်ဝန်းလုံး အလိုအပ်ဆုံးအရာမှာ ထာဝရငြိမ်းချမ်းရေးသာဖြစ်**

ကရင်တိုင်းရင်းသားများအနေဖြင့်လည်း အစဉ်အဆက် ရိုးသားဖြူစင်ကြသည်။ ဘာသာတရားကို ရိုသေကိုင်းရှိုင်းကြသည်။ ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်းများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြသူများ ဖြစ်ကြသည်။ ဇာတိချက်ကြွေ မွေးရပ်မြေအပေါ် ခင်တွယ်ကြသည်။ ကိုယ့်ရပ်ကိုယ့်ရွာတွင် ငြိမ်းငြိမ်းချမ်းချမ်း၊ အေးချမ်းပျော်ရွှင်စွာနေထိုင်လိုကြသည်။ ယနေ့ ကရင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် အလိုအပ်ဆုံးအရာမှာ ထာဝရငြိမ်းချမ်းရေးသာ ဖြစ်ပေသည်။

ဘယ်လ်ဂျီယံနိုင်ငံသား ကဗျာဆရာတစ်ဦး၏ "စစ်ပွဲတွေက နတ္ထိတရားကို ယူဆောင်လာလေရဲ့" ဟူသည့် ကဗျာလေးကိုအမှတ်ရမိသည်။ ကဗျာဆရာသည် ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်တပ်များ ဘယ်လ်ဂျီယံနိုင်ငံအတွင်း ဝင်ရောက်သိမ်းပိုက်စဉ် လမ်းမကြီးပေါ်က စစ်ပြေးဒုက္ခသည်များကို ကြည့်ရင်း ...

"သူတို့ပိုင်ဆိုင်သမျှကလည်း နတ္ထိ
အဆုံးအစမရှိတဲ့ လမ်းမကြီးတစ်ခုကလွဲလို့
အနာဂတ်ကလည်း နတ္ထိ၊
ဒီရေ ဒီမြေက လူတွေအတွက်
ဂြိုဟ်ဆိုးဟာ နတ္ထိတရားနဲ့စောင့်နေလေရဲ့"
ဟူ၍ ရေးစပ်ခဲ့ခြင်းဖြစ်သည်။

သို့ဆိုလျှင် ပကတိအရှိတရားအရ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းသည်သာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိနိုင်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးတို့အတွက် လမ်းကြောင်းမှန်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# ၂၀၂၃ ခုနှစ် ကမ္ဘာ့သွေးတိုးရောဂါနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၇

**၂၀၂၃ ခုနှစ် "ကမ္ဘာ့သွေးတိုးရောဂါနေ့" အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ၂၀၂၃ ခုနှစ် "ကမ္ဘာ့သွေးတိုးရောဂါနေ့" အထိမ်းအမှတ် ဆောင်ပုဒ်မှာ **"Measure Your Blood Pressure Accurately, Control It, Live Longer"** "သက်ရှည်ကျန်းမာနေနိုင်ဖို့၊ စနစ်တကျသွေးပေါင်တိုင်းကာထိန်းညှိစို့" ဖြစ်ကြောင်း၊ ဆောင်ပုဒ်၏ ဦးတည်ချက်သည် ပြည်သူလူထုအတွင်း သွေးတိုးရောဂါနှင့်ပတ်သက်၍ အသိပညာမြှင့်တင်ရန်၊ သွေးပေါင်ချိန်ကို စနစ်တကျနည်းလမ်းမှန်စွာ တိုင်းတာတတ်စေရန်နှင့် ထိရောက်သောကုသမှုများ ရယူတတ်စေရန် ဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် မတ်လတွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ထုတ်ပြန်ထားသည့် အချက်အလက်များအရ ယနေ့ ကမ္ဘာတစ်ဝန်း၌ အသက် ၃၀ နှင့် ၇၉ နှစ်အကြား အသက်အုပ်စုတွင် သွေးတိုးရောဂါရှိသူ ၁ ဒသမ ၂၈ ဘီလီယံခန့် ရှိသည်ကို သိရကြောင်း၊ အဆိုပါ လူဦးရေ၏ ၄၆ ရာခိုင်နှုန်းသည် မိမိတို့တွင် သွေးတိုးရောဂါရှိမှန်း သတိမပြုမိသည့် အခြေအနေတွင် ရှိနေကြောင်း။

မကူးစက်နိုင်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ ပန်းတိုင်တစ်ခုသည် သွေးတိုးရောဂါအပါအဝင် မကူးစက်နိုင်သောရောဂါ ဖြစ်ပွားသေဆုံးမှုကို ၂၀၁၀ ပြည့်နှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း ၃၃ ရာခိုင်နှုန်း လျှော့ချရန်ဖြစ်ကြောင်း၊ အဆိုပါ ပန်းတိုင်ကိုပြည့်မီစေရန် သွေးတိုးရောဂါ စစ်ဆေးပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ ထိရောက်သော ကုသမှုပေးခြင်းသည် လွန်စွာအရေးကြီးသော အခန်းကဏ္ဍများ ဖြစ်သကဲ့သို့ ပြည်သူလူထုအကြား သွေးတိုးရောဂါအန္တရာယ်နှင့် နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးများဆိုင်ရာ အသိပညာမြှင့်တင်ခြင်း လုပ်ငန်းသည် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ၂၀၂၃ ခုနှစ် ကမ္ဘာ့သွေးတိုးရောဂါနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုနှင့် နေအိမ်၌ စနစ်တကျ သွေးပေါင်ချိန်တိုင်းတာခြင်း သရုပ်ပြဗီဒီယိုကို ပြသပြီး မြန်မာနိုင်ငံ သွေးတိုးရောဂါအဖွဲ့ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာရဲမြင့်က "သွေးတိုးရောဂါအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ကျန်းမာရေးပညာပေး ဟောပြောသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကမ္ဘာ့သွေးတိုးရောဂါနေ့ အထိမ်းအမှတ် အခမ်းအနားပြခန်းကို ကြည့်ရှုသည်။ **(ဓာတ်ပုံ)**

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သွေးတိုးရောဂါအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ ရခိုင်ပြည်နယ်သို့ ရောက်ရှိ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၇**

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသများသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များတွင် ဌာနချုပ်မှ ရှာဖွေကယ်ဆယ်ရေး အထူးတပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ သန္ဓေ၊ အရန်၊ ပရဟိတများ ပါဝင်သည့်တပ်ဖွဲ့ဝင်ဦးရေ ၄၁၈ ဦးသည် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များသို့ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့တွင် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ရှင်းလင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ရှာဖွေကယ်ဆယ်ရေးအထူးတပ်ဖွဲ့ဝင်များ စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ မုန်တိုင်းကြောင့် ပျက်စီးမှုများကို ရှင်းလင်းဆောင်ရွက်နေစဉ်။

## ရွှေဘိုမြို့၌ ဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**ရွှေဘို မေ ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရွှေဘိုခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်အတွင်း အကြမ်းဖက် အဖွဲ့အစည်းများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ဒဏ်ရာရသူများ၊ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျ လူနေအိမ်နှင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို မေ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက အမှာစကားပြောကြားခဲ့ပြီး ရွှေဘိုခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချောစုက ထောက်ပံ့ပေးအပ်ရသည့် အကြောင်းရင်းများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားများက လက်ခံယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘူးသီးတောင်မြို့နယ်၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲခဲ့သည့်ဓာတ်အားတိုင်များ ပြန်လည်ပြင်ဆင်

**ဘူးသီးတောင် မေ ၁၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ အလွန်ပြင်းထန်သော မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် မေ ၁၄ ရက်က ပြိုလဲခဲ့သည့် ဓာတ်အားတိုင်များကို မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းက ပြန်လည်တည့်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက မေ ၁၄ ရက်က လဲကျခဲ့သည့် သံခြေကျေးရွာ၊ ကြာညိုပြင်၊ ဒပြုချောင်း၊ အမှတ်(၅) မော်တော်ပီကေရုံး Hp၊ အမှတ်(၂) လမ်းမကျောင်း၊ ဦးဥတ္တမခန်းမရှေ့၊ ဥက္ကာပုံလမ်း၊ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ အိုးသည်ကျေးရွာ၊ သပြေတောကျေးရွာ၊ စိမ်းညှင်းပြားဈေးရှေ့၊ ဂူတာပြင်အုပ်စု Hp၊ ကျောက်စာတိုင်ကျေးရွာ၊ နခခ(၈)၊ အမှတ် (၅) ရပ်ကွက်လဝက ရုံးရှေ့၊ 33KV လိုင်း (စကခ ၁၅) တပ်မရှေ့တို့၌ 12M ၁၂ တိုင်၊ 10M ၁၄ တိုင်၊ 9M ကိုးတိုင်၊ သံတိုင် ၇၅" ရှစ်တိုင် ပြိုလဲပျက်စီးသွားမှုကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်၊ ကျေးရွာ ၁၀၆၈ ရွာမှ လူနေအိမ် ၄၄၉၂၈ လုံး၊ သာသနိက အဆောက်အဦ ၃၇၆ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၄၃၉ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း ၅၉ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ၅ လုံး၊ ဈေး တစ်ခု၊ လေဆိပ် နှစ်ခု၊ ဌာနဆိုင်ရာအဆောက်အဦ ၁၅၈ လုံး ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ၄၈ ဦး သေဆုံး

**နေပြည်တော် မေ ၁၇**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”(MOCHA) မေလ ၁၄ ရက်တွင် တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှုစာရင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည်။

ဆက်လက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသေးစိတ်ထပ်မံစိစစ်ခဲ့ရာ မေ ၁၇ ရက် မွန်းလွဲပိုင်းအထိ ရရှိသောစာရင်းများအရ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၄၄ ရွာမှ လူနေအိမ် ၁၂ လုံး၊ သာသနိကအဆောက်အဦ သုံးလုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း သုံးကျောင်း၊ လေဆိပ်အဆောက်အဦ တစ်ခု၊ ဓာတ်မီးတိုင် ရှစ်တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ ဌာနဆိုင်ရာအဆောက်အဦ တစ်လုံး၊ အုတ်နံရံ တစ်ခု၊ ချင်းပြည်နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာ ၂၄ ရွာမှ လူနေအိမ် ၁၂၉ လုံး၊ သာသနိကအဆောက်အဦတစ်လုံး၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း နှစ်ခု၊ ဓာတ်မီးတိုင် လေးခု၊ ဌာနဆိုင်ရာအဆောက်အဦ ၃၀၊ ဘောလုံးကွင်း တစ်ကွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၂၃ ရွာ၊ လူနေအိမ် သုံးလုံး၊ ဆက်သွယ်ရေးတာဝါတိုင် ခြောက်တိုင်၊ ဓာတ်မီးတိုင် နှစ်တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ အုတ်တံတိုင်း၊ နံရံ ၂၆ ခု၊ တံတားသုံးစင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၇၂ ရွာမှ လူနေအိမ် ၁၁၃ လုံး၊ ဆက်သွယ်ရေး တာဝါတိုင် နှစ်တိုင်၊ ဓာတ်မီးတိုင် တစ်တိုင်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ၃၄ ရွာမှ လူနေအိမ် လေးလုံး၊ ဓာတ်မီးတိုင် ၁၄ တိုင်၊ အုတ်တံတိုင်း၊ နံရံ ၆၇ ခု၊ ရာသီသီးနှံစိုက်ခင်း ၁၅၆ ခင်း၊ တံတား တစ်စင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာ တစ်ရွာမှ သာသနိက အဆောက်အဦ လေးခု၊ မွန်ပြည်နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ လေးရွာမှ လူနေအိမ် တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ ဓာတ်မီးတိုင် ၁၄ တိုင်၊ ရခိုင်ပြည်နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၆၈၆ ရွာမှ လူနေအိမ် ၄၄၅၀၂ လုံး၊ သာသနိကအဆောက်အဦ ၃၆၆ ခု၊ ဘုန်းတော်ကြီး ကျောင်း ၄၈ ကျောင်း၊ စာသင်ကျောင်း ၃၉၄ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း ၅၂ ခု၊ ဈေး တစ်ခု၊ လေဆိပ်အဆောက်အဦ တစ်ခု၊ ဆက်သွယ်ရေးတာဝါတိုင် တစ်ခု၊ ဓာတ်မီးတိုင် ခုနစ်တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အဦ ၁၁၈ လုံး၊ အခြားပျက်စီးမှု ၉၃၂ ခု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၆၅ ရွာမှ လူနေအိမ် ၃၁ လုံး၊ သာသနိကအဆောက်အဦ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း ခုနစ်ကျောင်း၊ ဆက်သွယ်ရေး တာဝါတိုင် နှစ်တိုင်၊ ဓာတ်မီးတိုင် ၆၀၊ ထရန်စဖော်မာ နှစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အဦ ခြောက်လုံး၊ ဘောလုံးကွင်း နှစ်ကွင်း၊ အုတ်တံတိုင်း၊ နံရံ ၃၄ ခု၊ ရှမ်းပြည်နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ တစ်ရွာမှ လူနေအိမ် နှစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၁၁၄ ရွာမှ လူနေအိမ် ၁၃၁ လုံး၊ သာသနိကအဆောက်အဦတစ်လုံး၊ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ စာသင်ကျောင်း ၃၂ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း ငါးခု၊ ဓာတ်မီးတိုင်ကိုးတိုင်၊ ဌာနဆိုင်ရာအဆောက်အဦ သုံးလုံး၊ အခြားပျက်စီးမှု လေးခု ပျက်စီးဆုံးရှုံးခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် သေဆုံးသူ ၄၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း သေဆုံးသူ တစ်ဦးရှိကြောင်း သိရှိရသည်။



မုန်တိုင်းကြောင့် တိမ်းရှောင်ပြည်သူများ နေရပ်သို့ ပြန်လည်ပို့ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးစဉ်။

သို့ဖြစ်၍ မေ ၁၇ ရက် မွန်းလွဲပိုင်းအထိ ရရှိသောစာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတို့တွင် စုစုပေါင်းပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုမှာ ရပ်ကွက်၊ ကျေးရွာ ၁၀၆၈ ရွာမှ လူနေအိမ် ၄၄၉၂၈ လုံး၊ သာသနိကအဆောက်အဦ ၃၇၆ လုံး၊ ဘုန်းတော်ကြီး ကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၄၃၉ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း ၅၉ ခု၊ ဆက်သွယ်ရေး တာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးလုံး၊ ဈေး တစ်ခု၊ လေဆိပ် နှစ်ခု၊ ဌာနဆိုင်ရာ အဆောက်အဦ ၁၅၈ လုံး ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ၄၈ ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းမှုဖြင့် ရှင်းလင်းဖယ်ရှားစဉ်။

## အီသီယိုပီးယားရှိ ဒေသများ၌ လတ်တလောရေကြီးမှုကြောင့် လူပေါင်း ၈၀ ကျော်ထက်မနည်းသေဆုံး

*နိုင်ငံတကာသတင်း*

**အဒစ်အဘာဘာ မေ ၁၇**

အီသီယိုပီးယားနိုင်ငံ နေရာအတော်များများတွင် လတ်တလောရေကြီးမှုကြောင့် လူပေါင်း ၈၀ ကျော်ထက်မနည်း သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။ မေ ၁၅ ရက် နှောင်းပိုင်းတွင် ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးမှ နောက်ဆုံးအချက်အလက်များကို ထုတ်ပြန်ခဲ့ပြီး လတ်တလော ဖြစ်ပွားခဲ့သည့် ပုံမှန်မဟုတ်သည့် ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေပြီး နေရပ်ရွှေ့ပြောင်းမှုများ ဖြစ်စေသည်ဟု ဖော်ပြထားသည်။

ယင်း အခြေအနေများကို ဆိုမာလီ၊ အိုရိုမီယာ၊ အဖာဒေသတို့အပါအဝင် အီသီယိုပီးယားရှိ အခြားသော နေရာအစိတ်အပိုင်းများတွင် ခံစားခဲ့ရသည်။ ကာလရှည်ကြာမိုးခေါင်မှုဒဏ် ခံစားခဲ့ရသည့်သူများအတွက် ရေကြီးမှုမှာ နောက်ထပ် ထိုးနှက်ချက်ပင် ဖြစ်သည်။ ရေကြီးမှုကြောင့် မိသားစုပေါင်း ၃၅၀၀၀ နေရပ်စွန့်ခွာခဲ့ရပြီး ၄၅ ဦး သေဆုံးခဲ့ရသည်။

ဆိုမာလီဒေသတစ်ခုတည်း၌ ပင် ကျွဲ နွားတိရစ္ဆာန် ၂၃၀၀၀ သေကျေပျက်စီးခဲ့ရပြီး မြေဟက်တာပေါင်း ၉၉၀၀၀ ကျော် ပျက်စီးခဲ့ရသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ အီသီယိုပီးယားရှိ အိုရိုမီယာဒေသတွင် ရေကြီးမှုကြောင့် မိသားစုပေါင်း ၅၈၀၃ ဦးနေရပ်စွန့်ခွာခဲ့ရပြီး လူရှစ်ဦး သေဆုံးခဲ့သည်။ ကောက်ပဲသီးနှံများနှင့် မြေကေပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ပြင် အခြေခံအဆောက်အအုံများ ဖြစ်သည့် လမ်း တံတားနှင့် စာသင်ကျောင်းများပါ ပျက်စီးခဲ့ရသည်။

**ဆင်ဟွာ**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်(အားနစ်)အားကစားနည်းမှ ရွှေ တစ်ခု၊ ကြေး သုံးခု၊ ရိုးရာလေ့လေ့ာ်အားကစားနည်းမှ ငွေ သုံးခု၊ အလေးမအားကစားနည်းမှ ကြေး တစ်ခု ထပ်မံဆွတ်ခူးရရှိ

**နေပြည်တော် မေ ၁၇**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပရာ ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် မြို့ရှိ Chroy Changvar Convention Center, Hall (A) ၌ ဗိုဗီနမ်(အားနစ်) (အမျိုးသား/အမျိုးသမီး) အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် သွားရောက်ကြည့်ရှုအားပေးသည်။

အမျိုးသားအလွတ်တန်း စွမ်းရည်ပြ အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်အောင်ဇော်သက်၊ မောင်ရဲဇော်မိုး၊ မောင်ရဲထွန်းအံ့တို့အတွဲက ပထမ (ရွှေတံဆိပ်ဆု) ၊ ဒုတိယ(ငွေတံဆိပ်ဆု)ကို ကမ္ဘောဒီးယားနိုင်ငံ၊ ပူးတွဲတတိယ (ကြေးတံဆိပ်ဆု)ကို ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့က လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း အလွတ်တန်း စွမ်းရည်ပြပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်ထက်ဝေလှိုင်၊ အမျိုးသမီးတစ်ဦးချင်း အလွတ်တန်း စွမ်းရည်ပြပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မခင်ခင်ခန့်နှင့် အမျိုးသမီး အသင်းလိုက်စွမ်းရည်ပြ ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ မခိုင်ကျော့ကျော့ဝေ၊ မကေခိုင်ကျော်၊ မလှိုင်ဖူးဝေတို့ အတွဲက တတိယ(ကြေးတံဆိပ်ဆု) တစ်ခုစီရရှိကြသည်။

Perk Kampot, Kampot City, Kampot Province ၌ ကျင်းပသည့် ရိုးရာလေ့လေ့ာ် အားကစားပြိုင်ပွဲများတွင် (ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်) နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အသက် ၂၄ နှစ်အောက် (အမျိုးသား) မီတာ(၈၀၀) ၁၂ ယောက်လှော်ပြိုင်ပွဲ၊ အလွတ်တန်း (အမျိုးသား)မီတာ(၈၀၀)၁၂ယောက်လှော် ပြိုင်ပွဲနှင့် အသက် ၂၄ နှစ်အောက် (အမျိုးသား)မီတာ(၈၀၀) ငါးယောက်လှော် ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ဒုတိယ (ငွေတံဆိပ် ဆု) တစ်ခုစီကိုလည်းကောင်း၊ Table Tennis Hall, Olympic Complex ၌ အလေးမအားကစားနည်း အမျိုးသား (၈၉)ကီလိုအထက်ပြိုင်ပွဲတွင် (မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ထိုင်း)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်ရန်မျိုးကျော်က တတိယ (ကြေးတံဆိပ်ဆု)ကိုလည်းကောင်း ရရှိကြသည်။




မေ ၁၆ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရိုးရာလေ့လှော်၊ ဂျူဒို၊ အလေးမ၊ ဗိုဗီနမ် (အားနစ်)နှင့် ဘောလုံး (အမျိုးသား) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံမှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် လေးခု ထပ်မံရရှိကြသည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခုနှင့် ကြေးတံဆိပ် ၆၈ ခု စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲပြီးဆုံးခဲ့ပြီး မြန်မာအားကစားအဖွဲ့ ရွှေ ၂၁ ခု၊ ငွေ ၂၅ ခု၊ ကြေး ၆၈ ခု ဆွတ်ခူးရရှိ

**နေပြည်တော် မေ ၁၇**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် ဆုရရှိမှုတွင် အဆင့် ၈ နေရာ ရပ်တည်ခဲ့သည်။

မြန်မာအားကစားအဖွဲ့သည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခုရရှိခဲ့သော်လည်း ယခု (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်အပါအဝင် ငွေနှင့် ကြေးတံဆိပ်အားလုံး ရရှိမှုမှာ သိသိသာသာတိုးတက်လာခဲ့ပြီး ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခုအထိ ဆွတ်ခူးရရှိခဲ့သည်။

မြန်မာအားကစား အဖွဲ့သည် အားကစားနည်း ၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၁ ခုအပါအဝင် ဆုတံဆိပ်စုစုပေါင်း ၁၁၄ ခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲနောက်ပိုင်း ရွှေတံဆိပ်အများဆုံး ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအားကစားအဖွဲ့အတွက် ဆုတံဆိပ်များကို ဗိုဗီနမ်အားကစားအဖွဲ့က ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ၁၇ ခု၊ ခြင်းလုံးအသင်းက ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် တစ်ခု၊ ဘိလိယက်/စနူကာအဖွဲ့က ရွှေတံဆိပ် သုံးခု၊ ကြေးတံဆိပ်နှစ်ခု၊ Arnis အဖွဲ့က ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် ရှစ်ခု၊ ပိုက်ကျော်ခြင်းအသင်းက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ Kun Bokator အားကစားအဖွဲ့က ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် ခြောက်ခု၊ ရိုးရာလှေအဖွဲ့က ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် နှစ်ခု၊ ဝူရှူးအဖွဲ့က ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်သုံးခု၊ တိုက်ကွမ်ဒိုအဖွဲ့က ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခု၊ အလေးမအဖွဲ့က ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ ပီတန်းအဖွဲ့က ရွှေတံဆိပ်တစ်ခု၊ Kun Khmer အဖွဲ့က ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် ခုနစ်ခု၊ ဂျူဒိုအဖွဲ့က ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု၊ ဘောလုံးနှင့် ကြက်တောင်အဖွဲ့က ငွေတံဆိပ်တစ်ခုစီ၊ လက်ဝှေ့အဖွဲ့က ကြေးတံဆိပ် ခြောက်ခု၊ စစ်တုရင်နှင့် ပြေးခုန်ပစ်အဖွဲ့က ကြေးတံဆိပ်နှစ်ခုစီ၊ ခရစ်ကတ်နှင့် Esports အဖွဲ့က ကြေးတံဆိပ် တစ်ခုစီ ဆွတ်ခူးရရှိခဲ့သည်။

(၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေ ၅ ရက်မှ ၁၇ ရက်အထိ (အားကစားနည်းအချို့ကို ဧပြီ ၂၉ ရက်ကတည်းက စတင်) ကျင်းပခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံ ၁၁ နိုင်ငံလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယခုပြိုင်ပွဲတွင် ဆုတံဆိပ်ချီးမြှင့်သည့် အားကစားနည်း ၃၆ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ရွှေတံဆိပ် စုစုပေါင်း ၅၈၆ ခု ချီးမြှင့်ခဲ့သည်။

**ကိုညီလေး**

**ဓာတ်ပုံ – seagames2023**



(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ အားကစား အဖွဲ့။



# ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်း ရွှေတံဆိပ်ဆုဆွတ်ခူး

**နေပြည်တော် မေ ၁၇**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၁၆ ရက် ညပိုင်းကကျင်းပရာ အင်ဒိုနီးရှားအသင်း ဗိုလ်စွဲခဲ့သည်။ ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားရာ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည်အထိ နှစ်ဂိုးစီ သရေကျနေသဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားရာ အင်ဒိုနီးရှားအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရကာ စုစုပေါင်း ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် အကောင်းဆုံးပုံစံရနေသည့် အင်ဒိုနီးရှားအသင်းသည် ပွဲတိုင်းအနိုင်ရသည့် မှတ်တမ်းနှင့်အတူ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းအတွက် နှစ်ပေါင်း ၃၀ ကျော်အကြာတွင် ရွှေတံဆိပ်ပြန်လည်ရယူနိုင်ခြင်းဖြစ်ပြီး ၁၉၉၁ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရပြီး နောက်ပိုင်း အောင်မြင်မှုနှင့် ဝေးကွာနေမှုကို အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် သုံးကြိမ်မြောက် ရွှေတံဆိပ်ဆုရရှိခြင်းဖြစ်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲကို သက်တမ်းအလိုက် ပြောင်းလဲပြီးနောက်ပိုင်း ပထမဆုံးဗိုလ်စွဲခြင်းလည်းဖြစ်သည်။ နာမည်ကြီးထိုင်းအသင်းမှာမူ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိပြီးနောက် နောက်ဆုံး သုံးကြိမ်ဆက်တိုက် ရွှေတံဆိပ်ဆုနှင့် လွဲချော်ခဲ့သည်။

ပထမပိုင်းတွင် အင်ဒိုနီးရှားအသင်းက နှစ်ဂိုးပြတ်ဦးဆောင်နေသည်။ အင်ဒိုနီးရှားအသင်းအတွက် ဦးဆောင်ဂိုးများကို ၂၀၊ ၄၅+၃ မိနစ်တွင် ဆန်နာတာက သွင်းယူခဲ့သည်။ ထိုင်းအသင်းအတွက် ဒုတိယပိုင်း ၆၅ မိနစ်တွင် အာနန်က ပထမချေပဂိုး၊ ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဘူလာဖာက ဒုတိယချေပဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီသရေကျပြီး အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ အင်ဒိုနီးရှားအသင်းအတွက် အနိုင်ဂိုးများကို အချိန်ပို ၉၄ မိနစ်တွင် အီရာဖန်၊ ၁၀၇ မိနစ်တွင် ရာမန်နှင့် ၁၂၀ မိနစ်တွင် အာဟန်တို့က သွင်းယူခဲ့သည်။

အမျိုးသားဘောလုံးပြိုင်ပွဲအပြီးတွင် အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ်၊ ဗီယက်နမ်အသင်းက ကြေးတံဆိပ်ရရှိပြီး မြန်မာအသင်းမှာမူ တတိယလုပွဲတွင် အရေးနိမ့်ခဲ့သဖြင့် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ–seagames2023**

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် မေ ၁၇**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ်တစ်စင်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ MPT Mobile Van ကား တစ်စီး ၈ တန်အား ကျောက်ဖြူမြို့ရှိ ကပ်သပြေကမ်းထိုးရပ်၌ တင်ဆောင်၍ မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် ကပ်သပြေ-စစ်တွေခရီးစဉ်အတိုင်း ထွက်ခွာခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိပို့ဆောင်ပေးခဲ့သည်။

အလားတူ ၂၉ မီတာ ကမ်းထိုးရေယာဉ် တစ်စင်းသည် ဆန်အိတ် ၄၀၀ နှင့် ပဲ အိတ် ၄၀ ၂၂ တန်တို့အား စစ်တွေမြို့၌တင်ဆောင်၍ မေ ၁၆ ရက် နံနက်ပိုင်းတွင် စစ်တွေ-ရသေ့တောင်ခရီးစဉ်အတိုင်း ထွက်ခွာခဲ့ပြီး ရသေ့တောင်ကမ်းထိုးရပ်သို့ ယနေ့ နံနက်ပိုင်းတွင် ရောက်ရှိပို့ဆောင်ပေးခဲ့သည်။

ထို့အတူ တင့်ကားတင်ကမ်းထိုးရေယာဉ် တစ်စင်းသည် ဘူးသီးတောင်မြို့ရှိ နယ်မြေခံတပ်မှ ထောက်ပံ့ရေးပစ္စည်း ၄၈ ထုပ်၊ MILTRUCK ဂါလန် ၂၀၀၀ ဆံ့ကား နှစ်စီး၊ DONE FENGE ရေသန့်စက်ကားကြီး တစ်စီး၊ HINO ရေသန့်စက်ကားကြီး တစ်စင်း၊ SEINO TRUCK နှစ်စီးနှင့် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်မှ ဆန်အိတ် ၁၅၀ စုစုပေါင်း ၅၃ ဒသမ ၅ တန်တို့အား စစ်တွေမြို့မှ တင်ဆောင်၍ အင်ူမော်သို့ ပို့ဆောင်ပေးရန် ယနေ့ နံနက်ပိုင်းတွင် ထွက်ခွာသွားခဲ့သည်။

ယင်းနောက် စစ်ရေယာဉ်(ပြည်တော်အေး-၂)သည် အမျိုးသားသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ ဆန်အိတ် ၁၂၅၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ သွပ်အချပ် ၈၀၀၀၊ သွပ်သံ ၁၇ ဖာ၊ စားအုန်းဆီ ၁၁၄၄ ဖာ၊ သွားတိုက်ဆေးဘူး ၆၆၇ ဖာ၊ သွားတိုက်တံ ဖာ ၈၀၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မှတ်ပုံတင်တောင်းခံလွှာပုံစံများ ၄၈ ထုပ်၊ မြန်မာ့မီးရထားမှ တာပေါ်လင် ၁၅ ချပ်၊ မီးစက် နှစ်လုံး၊ ချိန်းဆော နှစ်လက်၊ Water Pump တစ်ခု၊ ပို့ဆောင်ရေးမှ တာပေါ်လင် ငါးလိပ်၊ မီးစက် နှစ်လုံး၊ ၃ မူးနိုင်လွန်ကြိုး သုံးခွေ၊ ချိပ်ကွင်း ၁၀၀၀ ခုပါ တစ်ထုပ်၊ စက်ပစ္စည်း နှစ်ထုပ်၊ ရိက္ခာခြောက်ဂျပ်ဖာ သုံးခု၊ ဖယောင်းပုဆိုး တစ်လိပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မီးစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆန်အိတ် ၇၀၊ ဆီဘူး ၇၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကော်ပုံးနှင့် ဒန်အိုးများ စုစုပေါင်း တန် ၆၆၀ တို့ကို စစ်တွေမြို့သို့ ပို့ဆောင်ပေးရန် ဗိုလ်အောင်ကျော်ဆိပ်ကမ်း၌ တင်ဆောင်၍ ရန်ကုန်မြို့မှ ယနေ့ မွန်းလွဲပိုင်းတွင် ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။





အလားတူ ၂၉ မီတာ ကမ်းထိုးရေယာဉ် တစ်စင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ရေသန့်စက်ယာဉ် တစ်စီး၊ CANOPY အမိုးစိမ်း အထည် ၈၀၊ ၆၀ ဆံ့ မိုးကာတဲ ၂၅ ခု၊ မိုးကာတဲဂျိုင်းဆက် ရှစ်ထုပ်၊ မိုးကာတန်း ၂၅ စည်း၊ မိုးကာငုတ် နှစ်စည်း စုစုပေါင်း ၁၇ ဒသမ ၅ တန်တို့အားလည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် တစ်စင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ရေသယ်ယာဉ် တစ်စီး၊ CANOPY အမိုးစိမ်း အထည် ၈၀၊ ၆၀ ဆံ့ မိုးကာတဲ ၂၅ ခု၊ မိုးကာတဲ ဂျိုင်းဆက် ခုနစ်ထုပ်၊ မိုးကာတန်း ၂၅စည်း၊ မိုးကာငုတ် နှစ်စည်း စုစုပေါင်း ၁၅ တန်တို့အားလည်းကောင်း စစ်တွေမြို့၌ တင်ဆောင်၍ စစ်တွေ-ရေချမ်းပြင်-ရသေ့တောင်ခရီးစဉ်အတိုင်း ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။

ထို့အတူ မေ ၁၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ တင်ဆောင်၍ စစ်တွေမြို့သို့ ထွက်ခွာသွားသည့် စစ်ရေယာဉ် (မဟာဗန္ဓုလ)သည် ယနေ့ညနေပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိခဲ့သည်။

ထို့ပြင် စစ်ရေယာဉ် (မုတ္တမ) သည် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်မည့်တပ်ဖွဲ့များနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှဝန်ထမ်း ၁၀၄ ဦးတို့အား တင်ဆောင်၍ မေ ၁၆ ရက် နံနက်ပိုင်းတွင် ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ ထွက်ခွာခဲ့သည့် စစ်ရေယာဉ်(မုတ္တမ)သည် ရခိုင်ပြည်နယ် စစ်တွေမြစ်ဝသို့ ယနေ့ညပိုင်းတွင် ရောက်ရှိခဲ့ကြောင်းနှင့် မေ ၁၈ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ဆိပ်ကမ်းသို့ ဆိုက်ကပ်ပြီး တင်ဆောင်လာသည့် ထောက်ပံ့ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်မည့် တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၁၇**

တပ်မတော်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဘီစကစ်အထုပ်ကြီး ၆၉၅ ထုပ်ကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ ပထမအကြိမ်အဖြစ် လည်းကောင်း၊ ရိက္ခာထုပ် ၄၀၀ ကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ ဒုတိယအကြိမ်အဖြစ် လည်းကောင်း၊ ရိက္ခာထုပ် ၂၅၀၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တတိယအကြိမ်အဖြစ် လည်းကောင်း၊ ဆန်အိတ် ၁၅၀၊ ရေသန့်ဆေးပြား ၁၉ ဖာ၊ ဆေးမျိုးစုံ ၁၆၉ ဖာတို့ကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ စတုတ္ထအကြိမ်အဖြစ် လည်းကောင်း သွားရောက်ပို့ဆောင်ပေးသည်။



အလားတူ သဘာဝဘေးဒဏ်သင့် ဒေသများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ ကွပ်ကဲမှုအောက်ရှိ အထူးရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တို့မှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သည့် ကူညီကယ်ဆယ်ရေး အင်အား ၄၁၈ ဦးနှင့် စားသုံးဆီများ၊ တာလပတ်လိပ်များ၊ မီးစက်အကြီး/အသေးများ၊ ရေသန့်ကတ်များ၊ ဆန်အိတ်များ၊ အိမ်ဆောက်ပစ္စည်းများ၊ Chain Saw များ၊ ရေသန့်ဘူးများ၊ ကော်ဇောလိပ်များ၊ ဆေးပစ္စည်းများနှင့် ကူညီကယ်ဆယ်ရေး ပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ အဖွဲ့လိုက်ခွဲ၍ တပ်မတော်လေယာဉ်များဖြင့် ကိုးခေါက် ပို့ဆောင်ပေးခဲ့သည်။

ယနေ့တွင် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပစ္စည်းများကို တပ်မတော်မှ လေယာဉ်များဖြင့် ပို့ဆောင်မှုကို နေပြည်တော်မှ စစ်တွေမြို့သို့ လေးကြိမ်၊ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ကိုးကြိမ်ဖြစ်ကြောင်းနှင့် လိုအပ်သည်များ ဆက်လက်ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ကူညီကယ်ဆယ်ရေး အဖွဲ့များနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ ပို့ဆောင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများနှင့် ကူညီကယ်ဆယ်ရေး ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲပြုလုပ်

**နေပြည်တော် မေ ၁၇**

မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၆)ထပ်ဆောင် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေကျပ်သိန်းပေါင်း ၄၆၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် **(အပေါ်ပုံ)** နှင့် တိုင်းမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ဟားခါးမြို့နယ်၊ မတူပီမြို့နယ်နှင့် လိုင်လင်းပီမြို့တို့ရှိ လေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၁၇**

ချင်းပြည်နယ် ဟားခါးမြို့နယ်၊ မတူပီမြို့နယ်နှင့် လိုင်လင်းပီမြို့တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအဆောက်အအုံများ ပြိုကျ၊ ပျက်စီးခဲ့သည့် လေဘေးသင့်အိမ်ထောင်စု စုစုပေါင်း ၂၂၀ တို့မှ လေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က အားပေးစကားပြောကြားသည်။ ထို့နောက် ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်က မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဘေးသင့်အိမ်ထောင်စု စုစုပေါင်း ၂၂၀ တို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ လေဘေးသင့်ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၇**

အလွန့်အလွန် အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်ခဲ့မှုကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



သဘာဝဘေးဒဏ်သင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

အဆိုပါ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအဖွဲ့ကို ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" မဝင်ရောက်မီကတည်းကပင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ကြိုတင်စုဖွဲ့ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းဦးတည် ဝင်ရောက်နိုင်သော ဒေသများနှင့် ဆက်စပ်နေသော ဒေသများသို့ လျင်မြန်စွာ သွားရောက်နိုင်ရေး ဂွ၊ အမ်း၊ ကျောက်တော်၊ ပုသိမ်၊ ပြည်၊ မကွေး စသောဒေသများသို့ ယာဉ်အုပ်စု ၁ စုတွင် တပ်မတော်မှ အရာရှိကြီး တစ်ဦး လိုက်ပါ၍ ယာဉ်အုပ်စု ၁၀ စုကို မေ ၉ ရက်တွင် စတင်စုဖွဲ့ခဲ့ပြီး မေ ၁၂ ရက်တွင် ရန်ကုန် စုရပ်မှ စတင်ထွက်ခွာကြသည်။

ယင်း သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး ယာဉ်အုပ်စုများအနက် တစ်နာရီလျှင် သောက်ရေ ဂါလန် ၄၀၀ သန့်စင်ပေးနိုင်သည့် ရေသန့်စင်ယာဉ် အပါအဝင် ယာဉ် ၁၈ စီးပါဝင်သည့် ယာဉ်အုပ်စု ၁ သည် စစ်တွေမြို့သို့ မေ ၁၅ ရက်တွင် ရောက်ရှိအခြေပြု၍ မေ ၁၆ ရက်နှင့် ယနေ့တွင် ရန်ကုန်- စစ်တွေ ကားလမ်းတစ်လျှောက် သဘာဝဘေးဒဏ်ကြောင့် ကျိုးကျ၍ လမ်းပန်းဆက်သွယ်မှုများ ပိတ်ဆို့လျက်ရှိသည့် သစ်ပင်၊ သစ်ကိုင်းများအား ရှင်းလင်း ဖယ်ရှားပေးခြင်း၊ ရေသန့်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသောနေရာများသို့ ရေပေးဝေခြင်း၊ မိုးကာတဲများနှင့် တာပေါ်လင်များ ဖြန့်ဝေပေးခြင်းတို့ကို နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်လျက်ရှိပြီး ယာဉ်အုပ်စုတွင် ပါဝင်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကလည်း စစ်တွေမြို့ပေါ်၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

အလားတူ ကျောက်ဖြူမြို့တွင် မေ ၁၆ ရက်က ရောက်ရှိအခြေပြုလျက်ရှိသည့် ရေသန့်စင်ယာဉ် အပါအဝင် ယာဉ် ၁၂ စီး ပါဝင်သည့် ယာဉ်အုပ်စု ၆ မှ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း ယနေ့တွင် ကျောက်ဖြူမြို့နှင့် ပတ်ဝန်းကျင်တစ်ဝိုက်တို့၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက် ပျက်စီးခဲ့ရသည်များကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အများပြည်သူများ ပုံမှန်အတိုင်း သွားလာအသုံးပြုနိုင်ရေးအတွက် သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်အုပ်စုတွင် ပါဝင်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကလည်း ကျောက်ဖြူမြို့ပေါ်၌ လိုအပ်သည့် ဆေးကုသပေးမှုများကို ဆောင်ရွက်ပေးသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး ယာဉ်အုပ်စုများအနေဖြင့် ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် မြောက်ဦးမြို့တို့၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လမ်းကြောင်း တစ်လျှောက် သစ်ပင် သစ်ကိုင်းပိတ်ဆို့လဲကျနေမှုများအား ဖယ်ရှားရှင်းလင်းခြင်း၊ မြေပြိုပိတ်ဆို့မှုများအား ရှင်းလင်းခြင်းတို့ကို ပြုလုပ်၍ အမြန်ဆုံးရောက်ရှိနိုင်ရေး ဆက်လက်ချီတက်လျက်ရှိကြောင်း သိရှိရသည်။



မုန်တိုင်းကြောင့် ပျက်စီးမှုများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းရှင်းလင်းဖယ်ရှားစဉ်။

အဆိုပါ ယာဉ်အုပ်စုများ၌ အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ၊ ဆက်သွယ်ရေး တပ်ဖွဲ့ဝင်များ၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးလုပ်ငန်း ဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များ ပါဝင်ပြီး ယာဉ်အုပ်စုများတွင် မော်တော်ယာဉ်များ၊ ပွဲချိတ်စက်များ၊ ဖိုက်ဘာတိုက်လှေများ၊ ချိန်းဆောများနှင့် လက်သုံးကိရိယာများ၊ အသက်ကယ်အင်္ကျီ၊ အသက်ကယ် ဖောကွင်းများ၊ မိုးကာတဲများ၊ တာပေါ်လင်စများ၊ ပစ္စည်း ၁၄ မျိုးပါ အရေးပေါ်သေတ္တာများ၊ မြွေအဆိပ်ဖြေဆေး အပါအဝင် ဆေးမျိုးစုံ၊ အရေးပေါ်ဆက်သွယ်ရေး စက်မျိုးစုံနှင့် အခြားလိုအပ်သော ဆက်စပ်ပစ္စည်းများပါရှိကြောင်း သိရှိရပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

